ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၄)ရက် ၊ သောကြာနေ့ ၊ (13-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၉၇)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ

စာမျက်နှာ ၁၆ ကော်လံ ၁

ရန်ကုန်-မန္တလေးအမြန်လမ်း ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန် ဆွာချောင်းတံတားအသစ်တစ်စင်း ထပ်မံတည်ဆောက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

ရန်ကုန်-မန္တလေးအမြန်လမ်း ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် အသွားလမ်းဘက်ခြမ်း၌ ဆွာချောင်းတံတားအသစ်တစ်စင်းကို ထပ်မံတည်ဆောက်လျက်ရှိရာ ယနေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အဆိုပါတံတားတည်ဆောက်နေမှုအခြေအနေ၊ အမြန်လမ်း Toll Gate များနှင့် Telematic Command & Control Center တို့ကို

စာမျက်နှာ ၁၆ ကော်လံ ၁





အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ရေဘေးသင့်ပြည်သူများကို ရေဘေးလွတ်ရာနေရာများသို့ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ရေဘေးသင့်ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ညောင်ရွှေမြို့နှင့်ပန်ရပ်ကွက်၊ ဝန်းရပ်ကွက်၊ မြို့လယ်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်တို့အတွင်း ရေများဝင်ရောက်ကာ ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိသဖြင့် ရေဘေးသင့် အိမ်ထောင်စု ၈၄ စု စုစုပေါင်း ဒေသခံတိုင်းရင်းသားပြည်သူ ၂၈၃ ဦးတို့ကို ညောင်ရွှေမြို့ မြို့မရဏကုန်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယာယီရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ပြည်သူများကို

စာမျက်နှာ ၁၈ ကော်လံ ၄

ရတနာပုံ ယနေ့ဇတ်စရာ

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ် အပိုင်း (၁) (၂) (၃)ပါ အချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေ မူကြမ်းပြုစုရေး ပူးပေါင်း ကော်မတီဖွဲ့စည်း

စာမျက်နှာ - ၁၉

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက်
အယ်ဒီတာ့အာဘော်

လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကိုကြိုဆို

မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံတော်အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ခြင်း၊ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများကျင်းပခြင်း၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခြင်း စသည့်နည်းလမ်းအမျိုးမျိုးဖြင့် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ TNLA အဖွဲ့မှဗဟိုဟာမှူးအဆင့်ရှိ ဂူဆီး အပါအဝင် အမျိုးသား ၁၇၈ ဦးနှင့် အမျိုးသမီး ၂၂ ဦး စုစုပေါင်း ဦးရေ ၂၀၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် TNLA အဖွဲ့များကို နိုဝင်ဘာ ၁၀ ရက်က မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ရှိ ပတ္တမြားမြေအားကစားခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် TNLA အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့ကြောင့် ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ဝင်လာကြခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများရှိနေသေးပေရာ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖိတ်ခေါ်ရေးသားလိုက်ရပေသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၇၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဝက်လက် နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၇၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၄၃၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၇၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ကုလားပဲ ၅၄၃၂၇ ဧက စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၇၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲကို အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ကုလားပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကုလားပဲတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

စဉ့်ကိုင်မြို့နယ် မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စဉ့်ကိုင် နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမြောင်းဆုံကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၅၈ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၉ ဒသမ ၃၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၇ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်းကို ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးထံမှ သိရသည်။

အောင်ရဲကျော်

ပုသိမ်မြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းမွန်နေ

ပုသိမ် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငါးပုတ်သင်များ ဝယ်လိုအားကောင်းမွန်ပြီး အရောင်းအဝယ်ကောင်းနေကြောင်း ပုသိမ်မြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဇာလင်းက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် ငါးဈေးကွက်တွင် ယခုနှစ် နိုဝင်ဘာလ ပထမပတ်မှစတင်ကာ ယနေ့ထိ ငါးပုတ်သင်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုအရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်မှာလဲ အရောင်းအဝယ်ဖြစ်နေပါတယ်။ ရန်ကုန်ဈေးကွက်က မှာယူမှုများလို့ အရောင်းအဝယ် ကောင်းမွန်နေတာပါ။ အရောင်းအဝယ်ကောင်းနေတဲ့ ငါးပုတ်သင်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ငါးပုတ်သင်တွေ အရောင်းအဝယ်ကောင်းမွန်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေနေပါတယ်" ဟု ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဇာလင်းက ပြောပြသည်။

ပုသိမ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များအပါအဝင် ဒေသထွက် ရေထွက်ကုန်မျိုးစုံကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ ထိ အရွယ်အစားပေါ် မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

သာစည်မြို့နယ် ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၄င်းကြီးသိုက်ကျေးရွာအုပ်စု ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျားပစ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၄၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ် ၅၁ ဒသမ ၄ သန်း ထုတ်ချေးငှားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

သနပ်ပင်မြို့နယ် ခလပ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

သနပ်ပင် နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခလပ်ကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက VRFP စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၆၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် VRFP စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ခလပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၄၃၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၄၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၅၈ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂၇ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၆၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၁၀၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ချောင်းဦး နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးခဲ့သော နှမ်း ၁၀၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၅၇၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၀၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်း ၃၅၇၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၀၁၈ ဧက ရိတ်သိမ်းပြီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

တံတားဦးမြို့နယ် ငါးဇင်ရိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

တံတားဦး နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးဇင်ရိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ငါးဇင်ရိုင်းကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈၅ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဧည့်မထဆန်များကို ရန်ကုန်စျေးကွက်သို့ အဓိကတင်ပို့ရောင်းချနေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်းမှာ ဧည့်မထဆန်အိတ်ရေ ၄၇၀၀၀ ထိ ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချတဲ့ ဆန်တွေက အရည်အသွေးကောင်းမွန်ပါတယ်။ ဘိုကလေးမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်စျေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဧည့်မထဆန်တွေ တင်ပို့ရောင်းချအားကောင်းနေတဲ့အတွက် တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါဧည့်မထဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



လူထုတက္ကသိုလ် ဘဝတက္ကသိုလ် ပညာဘော်တိုက် စာကြည့်တိုက်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"အမှားအမှန် ဝေဖန်ပိုင်းခြား
သုတပွားကာ သစ္စာအမြင်
ကြည်လင်စေရန် စာပေအမြိုက်
ပညာသိုက်သို့ ညွှန်ပြဆိုက်ဆိုက်
စာကြည့်တိုက်။ ။"

မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်ဖြစ်သော စာရေးသူသည် နိုင်ငံအနှံ့အပြားရှိ စာကြည့်တိုက် အတော်များများသို့ ရောက်ရှိခဲ့ဖူးသည်။ စာကြည့်တိုက်ဖွင့်လှစ်ပွဲများနှင့် အထိမ်းအမှတ်ဟောပြောပွဲများသို့ သွားလာရောက်ရှိလေ့လာခဲ့ရင်းက အချို့ စာကြည့်တိုက်များတွင်အထက်ဖော်ပြပါစာဗျာလေးများကို ဆောင်ပုဒ်များအလား ရေးထိုးထားကြသည်။

စာကြည့်တိုက်များ၏ အကျိုးကျေးဇူး

အချို့စာကြည့်တိုက်များတွင် စာကြည့်တိုက်များဖွင့်လှစ်ခြင်း၏ အကျိုးကျေးဇူးများကို ကောက်နုတ်ဖော်ပြထားကြရာတွင် (၁)လူကြီးလူငယ်တို့ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ (၂)စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတ တိုးပွားလာခြင်း၊ (၃)အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ (၄)အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေခြင်း၊ (၅)ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊ (၆)နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်း သမီးကောင်းများ ပေါ်ထွန်းလာစေခြင်း ဟူ၍ဖြစ်သည်။

ထို့ပြင် စာကြည့်တိုက်ပညာရှင်၊ စာပေပညာရှင်ကြီးများ၏ တန်ဖိုးရှိလှသော ဩဝါဒစကားများကိုလည်း စာကြည့်တိုက်နံရံများတွင် ရေးဆွဲထားကြရာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

အကောင်းဆုံးတက္ကသိုလ်

- စာအုပ်စာပေသည် အကောင်းဆုံးမိတ်ဆွေ။
- စာအုပ်ကိုလေ့လာလိုလျှင် စာအုပ်များစုဝေးသည့်စာကြည့်တိုက်ကို အသုံးပြုရာ၏။ ပညာပေါင်းစုံလေ့လာနိုင်သောနေရာဖြစ်သည့် စာကြည့်တိုက်သည် အကောင်းဆုံးတက္ကသိုလ်ဖြစ်၏။

(စာကြည့်တိုက်ပညာရှင်ကြီးဦးသော်ကောင်း)

စာ - စာ - စာ

- စာပေသည် အသိပညာ၏ အထိမ်းအမှတ်ဖြစ်လေသည်။
- စာအုပ်အတွင်းတွင်ကား ခေတ်အဆင့်ဆင့် မှအတွေ့အကြုံများ၊ ထင်မြင်ချက်များပါရှိလေရာ သုံး၍မကုန်သော ရွှေအိုးပင်ဖြစ်သည်။
- စာအုပ်မျိုးစုံစုဆောင်းထားသော စာကြည့်တိုက်ကိုမူ အဖိုးမဖြတ်နိုင်ပေ။

(စာပေပညာရှင်ကြီး ဆရာတိုက်စိုး)

စာကြည့်တိုက်တန်ဖိုး

- စာပေသာမရှိခဲ့လျှင် လူဘဝသည် သည်းမခံနိုင်လောက်အောင် ငြီးငွေ့စရာကောင်းပေလိမ့်မည်။
- ကျွန်ုပ်နှင့် ကျွန်ုပ်၏အပေါင်းအသင်းများအား မကောင်းသောမိတ်ဆွေနှင့် အကျင့်ဆိုးများမှ ကင်းဝေးစေရန်အတွက် စာကြည့်တိုက်၏ အကျိုးပြုလုပ်ငန်းထက် ပို၍အကျိုးပြုသော အခြားအရာမရှိပေ။

(ကမ္ဘာကျော်သံမဏိသူဌေးကြီး အင်ဒရူးကာနယ်ဂ်ီ)

စာအုပ်စာပေ၏ကျေးဇူးကြောင့် ကမ္ဘာကျော် ကုမ္ပဏီကြီးဖြစ်လာသော အင်ဒရူးကာနယ်ဂ်ီသည် သူ၏ စည်းစိမ်တစ်ဝက်ကို စာကြည့်တိုက်ပေါင်း ၁၆၀၀ ကျော်တည်ထောင်ပြီး ပြန်လည်ကျေးဇူးတုံ့ပြန်ခဲ့သည်။

စာကြည့်တိုက် ဟူသည် "မြန်မာအဘိဓာန်"တွင် **"ကြည့်ရှုလေ့လာရန်၊ ၎ားရမ်းရန် စာအုပ်များကို သိမ်းဆည်းထားရာ အဆောက်အအုံ"**ဟု ဖွင့်ဆိုထားသည်။ စာပေပညာရှင်ကြီးများနှင့် စာကြည့်တိုက်ပညာရှင်ကြီးများ၏ ဩဝါဒအရဆိုပါမူ စာကြည့်တိုက်ဟူသည် စုဆောင်းထားရှိသော စာအုပ်စာတမ်းများကို စာဖတ်သူတို့ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် စနစ်တကျ စီစဉ်ထားရှိသောနေရာဖြစ်ကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်သည် ပညာဗဟုသုတတိုးပွားလိုလားသူများအတွက် လွတ်လပ်စွာ ရှာဖွေနိုင်သောနေရာဖြစ်သဖြင့် **"လူထုတက္ကသိုလ်"**ဟုလည်း ဆိုနိုင်ကြောင်း၊ ပညာရှင်အမျိုးမျိုးနှင့် ဆရာအမျိုးမျိုးကို တွေ့နိုင်သော **"ဘဝတက္ကသိုလ်"**ဟုလည်း ဆိုနိုင်ကြောင်း၊ ထို့ပြင် **"လောက၏ပြတင်းပေါက်များ"** ဟုလည်း ဆိုနိုင်ကြောင်း ဂုဏ်ပြုညွှန်းဆိုခဲ့ကြသည်။

ထို့ကြောင့် **"စာပေပညာရှင်ကြီး ဦးဗချိုင့်"**က စာဖတ်ခြင်းသည် မိမိအိမ်တံခါးများကိုဖွင့်ထားသည်မည်၏။ စာမဖတ်ဘဲနေခြင်းသည် အိမ်တံခါးများကို ပိတ်ထားသည်နှင့်တူ၏။ အနားမှာစာအုပ်မထားခဲ့သော် ဘဝတံခါးကြီး ပိတ်နေပေလိမ့်မည်ဟု စာဖတ်ကြရေးအတွက် အလေးအနက်ထားကာ လှုံ့ဆော်သတိပေးခဲ့သည်။

ယခုတလောမှာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုများကို နိုင်ငံအနှံ့အပြားတွင် စဉ်ဆက်မပြတ် လှုပ်ရှားနေကြလေရာ အားရကြည်နူးစရာကောင်းလှသည်။ စာကြည့်တိုက် ဂုဏ်ရည်အလီလီ၏ သတင်းအဖုံဖုံကိုလည်း နေ့စဉ်ရက်ဆက် ကြားသိနေကြရသောကြောင့် ဝိတိဖြစ်နေကြရသည်။

ကျေးရွာစာကြည့် တိုက်ဖောင်ဒေးရှင်း

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေကို ပြန်လည်သုံးသပ်ကြည့်ပါက မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ရှေးယခင်ကပြည်တော်သာစံပြစာကြည့်တိုက်များအပါအဝင် လူငယ်စာဖတ်အသင်း၊ စာကြည့်တိုက်များ များစွာရှိခဲ့ကြသည်။

မြန်မာနိုင်ငံ၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများရှိ ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးခြင်းကို နိုင်ငံတော်၏ပံ့ပိုးမှု၊ ဒေသခံပြည်သူများ၏ပါဝင်မှု၊ စေတနာရှင် ပြည်သူများ၏ လှူဒါန်းမှုအစုစုတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလထိ ကျေးရွာပေါင်း ၆၄၉၈၉ ရှိသည့်အနက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၅၇၅၅ တိုက် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ထိုသို့ဖွင့်လှစ်နိုင်ခဲ့သော်လည်း မြေ၊ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာစောင်များ မပြည့်စုံမှုကြောင့် လှူဒါန်းကြရေးလှုံ့ဆော်ခဲ့ကြရာ ငွေကျပ် ၁၁ ဒသမ ၉ ဘီလီယံကျော် ရရှိခဲ့ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ် မေ ၁၅ ရက်တွင် အဆင့်တိုးမြှင့်ပြီး အလှူရှင်၊ စေတနာရှင်များ ပါဝင်ခဲ့ကြသော **ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း**ကို ပြန်ကြားရေးဝန်ကြီးဌာနက စတင်ဖွဲ့စည်းပေးခဲ့ရာ စေတနာရှင် ပြည်သူများထံမှ အလှူငွေကျပ်သိန်းပေါင်း ၇၀၀၀ ကျော် ရရှိခဲ့သည်။ ထိုအလှူငွေများကို မတည်၍ အကျိုးအမြတ်များဖြင့် ဖောင်ဒေးရှင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

❖ စာပေပညာရှင်ကြီးများနှင့် စာကြည့်တိုက်ပညာရှင်ကြီးများ၏ ဩဝါဒအရဆိုပါမူ စာကြည့်တိုက်ဟူသည် စုဆောင်းထားရှိသော စာအုပ်စာတမ်းများကို စာဖတ်သူတို့ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်အတွက် စနစ်တကျစီစဉ်ထားရှိသောနေရာဖြစ်ကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်သည် ပညာဗဟုသုတတိုးပွားလိုလားသူများအတွက် လွတ်လပ်စွာ ရှာဖွေနိုင်သောနေရာဖြစ်သဖြင့် "လူထုတက္ကသိုလ်"ဟုလည်း ဆိုနိုင်ကြောင်း၊ ပညာရှင်အမျိုးမျိုးနှင့် ဆရာအမျိုးမျိုးကိုတွေ့နိုင်သော "ဘဝတက္ကသိုလ်"ဟုလည်း ဆိုနိုင်ကြောင်း၊ ထို့ပြင် "လောက၏ပြတင်းပေါက်များ"ဟုလည်း ဆိုနိုင်ကြောင်း ဂုဏ်ပြုညွှန်းဆိုခဲ့ကြသည်။❖

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း

ကျေးရွာစာကြည့်တိုက်များဖောင်ဒေးရှင်းအနေဖြင့် ကျေးရွာစာကြည့်တိုက်များ အတွက်သာ ဆောင်ရွက်နေရသဖြင့် မြို့ပေါ်ရပ်ကွက်များရှိ စာကြည့်တိုက်များအတွက်ပါ အားလုံးအကျုံးဝင်ပံ့ပိုး ကူညီဆောင်ရွက်နိုင်စေရေးအတွက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းအဆင့်မှ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဟု အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကို ဖွဲ့စည်းရာတွင် ရည်ရွယ်ချက်သုံးရပ်ချမှတ်ထားရာ-

၁။ မြန်မာနိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းနေထိုင်သည့် ကျေးလက်ဒေသ ပြည်သူများအနေဖြင့် စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတများ ရရှိစေပြီး အသိဉာဏ်တိုးတက်လာပါက ၎င်းတို့လုပ်ကိုင်နေသည့် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်။

၂။ ယနေ့ခေတ်ကာလတွင် ဆက်သွယ်ရေးနည်းပညာများ တိုးတက်ဖွံ့ဖြိုးလာမှုကြောင့် သတင်းများကို ရေဒီယို၊ တီဗွီ၊ လက်ကိုင်ဖုန်းများမှတစ်ဆင့် အလျင်အမြန်သိရှိလာကြရာတွင် သတင်း၏ အမှန်၊ အမှား ဆုံးဖြတ်နိုင်မည့် ဗဟုသုတရှိစေသည့် မီဒီယာခုခံစွမ်းအား ရှိစေရန်။

၃။ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံထူထောင်မည်ဖြစ်၍ ပြည်သူများ စာပေလေ့လာဖတ်ရှုခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရအမှန်ကို သိရှိပြီး ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးတတ်ကြစေရန် ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ ရည်ရွယ်ချက် သုံးရပ်ကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းသုံးချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်-

၁။ စံငါးရပ်ဖြင့် ညီညွတ်သော စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေးအတွက် ကူညီပံ့ပိုးရန်နှင့် ဖွင့်လှစ်ထားရှိပြီးဖြစ်သော စာကြည့်တိုက်များကို စံငါးရပ်နှင့်ညီစေရန်အတွက် လိုအပ်သည့် ကူညီမှုများပေးရန်။

၂။ ပြည်သူများအနေဖြင့် စာတတ်သူတိုင်း စာဖတ်စေရေးအတွက် စာဖတ်ရှုနိုင်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

၃။ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ရန်။

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ကြစေရေးအတွက် **စံငါးရပ်** တစ်နည်းအားဖြင့် **B ငါးလုံး** သတ်မှတ်ထားရာ-

၁။ Budget = ရန်ပုံငွေကြေးရှိရမည်။
၂။ Building = အဆောက်အအုံရှိရမည်။
၃။ Books = စာအုပ်ကောင်းများရှိရမည်။
၄။ Brain = ဝန်ထမ်းများနားလည်တတ်ကျွမ်းရမည်။
၅။ Borrowers = စာအုပ်ငှားသူ၊စာဖတ်သူများက စည်းကမ်းတကျ အားပေးရမည်။ထိန်းသိမ်းကူညီရမည်။ ဟူ၍ ဖြစ်သည်။

စံငါးရပ်၊ ဘီငါးလုံးနှင့် ညီကြမှသာလျှင် စာကြည့်တိုက်၏အင်္ဂါရုပ်များနှင့်ပြည့်စုံပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးဖောင်ဒေးရှင်းများ ဖွဲ့စည်းကာ စနစ်တကျ ကြိုးစားလှုပ်ရှားနေခဲ့ကြသည်။ စာကြည့်တိုက်မှူးများညီလာခံ ကျင်းပခဲ့ကြပြီး စာတမ်းဖတ်ပွဲများလည်း ကျင်းပခဲ့ကြသည်။

"စာမဖတ်သူပယောဂရေး" "စာတတ်သူတိုင်း စာဖတ်ရေး ပိုင်းဝန်းကူညီဆောင်ရွက်ပေး" လုပ်ငန်းစဉ်များ၊ **"စာပေရေချမ်းစင်"** လှူပ်ရှားမှုများ၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်း စဉ်ဆက်မပြတ် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စဉ်ဆက်မပြတ် လှုပ်ရှားဆောင်ရွက်ခဲ့ကြရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ **"မိတ်ဖက်အဖွဲ့အစည်းများ"**မှာ (၁)သမဝါယမအသင်းများ၊ (၂) မြန်မာနိုင်ငံစာရေးဆရာအသင်း၊ (၃)ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၊ (၄) စာကြည့်တိုက်လုပ်ငန်းများကို စိတ်ပါဝင်စားကြသော NGO အဖွဲ့အစည်းများ၊ စေတနာရှင်များ (၅) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ (၆) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများဖြစ်ကြသည်။ စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေးအတွက် **"အားလေးအား"** ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် (၁) ဒေသဆိုင်ရာအာဏာပိုင်များ၏အား၊ (၂)စာကြည့်တိုက်ကော်မတီဝင်များ၏အား၊ (၃)အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အား၊ (၄) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အား ဟူသော အားလေးအား ဖြစ်ကြသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ နိုင်ငံတော်တစ်ဝန်းတွင် **စာမျက်နှာ ၅သို့ ခ**

vr;av0mujci;jzi ausm½;emusiru ouomapEion



ပြင်းထန်တဲ့ လေ့ကျင့်ခန်းတွေက ကျောရိုးကို ထိခိုက်နာကျင်စေပေမယ့် လမ်းလျှောက်ခြင်းမှာတော့ အဲဒီလိုအဖြစ်မျိုး မရှိပါဘူး။

လမ်းလျှောက်ခြင်းဟာ ကျောရိုးအပေါ် သက်ရောက်မှုနည်းပါးတဲ့ လေ့ကျင့်ခန်းဖြစ်တဲ့အပြင် တကယ်တမ်းမှာ ကျောရိုးနာကျင်မှုကိုတောင်မှ သက်သာစေတာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းကြောင့် ကျောရိုးမကြီးတစ်လျှောက် သွေးစီးဆင်းမှုကို ပိုမိုကောင်းမွန်စေပြီး နောက်ကျောကြွက်သားတွေကိုလည်း နေရာတကျဖြစ်စေပါတယ်။

ဒါကြောင့် အကြောင်းအမျိုးမျိုးကြောင့် ကျောရိုးနာကျင်နေသူတွေ၊ နောက်ကျောကြွက်သားနာကျင်နေသူတွေ အတွက် အကောင်းဆုံးဆေးကတော့ လမ်းလျှောက်ခြင်းပဲဖြစ်ပါတယ်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၂၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၂၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၂၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း လျာထား ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မုံရွာမြို့ နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟောပြောပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ကဗျာရွတ်ဆို ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများကို ငွေအား၊ လူအား မြိုင်မြိုင်ဆိုင်ဆိုင် ဖြင့်ကျင်းပခဲ့ကြရာ အောင်မြင်မှုများရရှိခဲ့သည်။

ယခုတော့ နိုင်ငံတော်က အားပေးလျက်ရှိရာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလုပ်ငန်းများ ပြန်လည်ရှင်သန်လာခဲ့ကြလေပြီ။ ထို့ကြောင့် နယ်စုံ၊ ထောင့်စုံ၊ ဘက်စုံ၊ ကဏ္ဍစုံမှလည်း ညီညာဖြဖြ ဝိုင်းဝန်းကူညီပံ့ပိုးကြရန်အထူးပင်လိုအပ်လှသည်။ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စံငါးရပ်ထဲတွင် ပါဝင်သော စာဖတ်သူ၊ စာအုပ်ငှားသူများရှိကြဖို့လည်း အထူးပင်လိုအပ်လှသည်။ စာမဖတ်သူပပျောက်ရေးနှင့် စာတတ်သူတိုင်း စာဖတ်ကြစေရေးအတွက်လည်း လှုံ့ဆော်စည်းရုံးနေကြရန်လိုအပ်လှသည်။

"စာမဖတ်သူသည် ကြီးပွားတိုးတက်ရေးလမ်း၌ တစ်နေရာမှာ ရပ်နေ၏။ စာဖတ်သူမှာ မရပ်။ သေမှသာအတိုးရပ်ပေလိမ့်မည်"

(ဝီမိုးနင်း)

"စာမဖတ်သူသည် တိုးတက်မှုရပ်တန့်နေ၏။ စာဖတ်သူသည် တိုးတက်မြဲတိုးတက်နေ၏"

(လူထုဦးလှ)

"တိုးတက်သောလူမျိုးတို့သည် စာဖတ်ကြသည်။ စာဖတ်သောလူမျိုးတို့သည် တိုးတက်ကြသည်"

(ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်)

စသည့် စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုံ့ဆော်မှုများဖြင့် ဘက်ပေါင်းစုံမှ စည်းရုံးဆော်သြသမှု ပြုပေးကြစေချင်သည်။

စာကြည့်တိုက်များတိုးပွားလာပြီး စာဖတ်သူရှားပါးနေပါက ပင်ပန်းရက္ကိုးမနပ်ဘဲ အချည်းနှီးဖြစ်နေပေလိမ့်မည်။

ကျောင်းစာကြည့်တိုက်များရှိကြသော်လည်း ရုပ်ပြသဘောမျိုးထားရှိနေကြကာ အခန်းများနှင့် ဗီရိုများကိုသော့ခတ်ပိတ်ထားကြပါက ကျောင်းသားကျောင်းသူလူငယ်များအတွက် များစွာနစ်နာလှသည်။

ထို့ကြောင့် **"ဓမ္မဘေရီဆရာတော် အရှင်ဝိရိယ"**က-

အပြင်မှာ အရောင်တွေလင်းနေဖို့ထက်၊ လူတိုင်းရဲ့ရင်ထဲမှာ အသိဉာဏ်တွေလင်းနေဖို့က ပိုပြီးအရေးကြီးပါတယ်။ ကျေးရွာတွေမှာ လျှပ်စစ်မီးလင်းရေးထက် စာကြည့်တိုက်တွေ ထွန်းကားဖို့အမြန်ကြိုးစားကြဖို့လိုတယ်။ မီးလင်းနေပေမဲ့ အိပ်နေသူတွေအတွက် ဘာမျှအကျိုးမရှိနိုင်ဘူး။ စာကြည့်တိုက်ဖွင့်ထားပေမဲ့ စာမဖတ်သူတွေအတွက်တော့ မှောင်မြဲမှောင်နေဦးမှာပဲဟု သတိပေးခဲ့ခြင်းဖြစ်သည်။

ငါဝမ်းပူဆာ မနေသာသောအခါ အစားအစာများကို စားသုံးကြရသကဲ့သို့ ဦးနှောက်အာဟာရမပြည့်သောအခါ စာများများဖတ်ရှုဖြည့်ဆည်းကြရသည်။ အသိဉာဏ်ဗဟုသုတ တိုးပွားရင့်ကျက်ခြင်းသည် ဦးနှောက်ပြည့်ခြင်း၏ အမှတ်အသားလက္ခဏာဖြစ်သည်။ ဦးနှောက်ပြည့်အောင် စာကောင်းပေမွန်များကို များများဖတ်ရှုကြစေချင်သည်။

ထို့ကြောင့် **"ဆရာကြီးဝီမိုးနင်း"**က "လူကို စိတ်က အုပ်ချုပ်၏။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးတို့ကို ဖတ်ကြ ကုန်လော့ဟု လမ်းညွှန်ခဲ့သည်။ သို့ဖြစ်ရာ စာအုပ်စာတမ်းအမျိုးမျိုးရှိကြသည့် ပညာဘဏ်တိုက် စာကြည့်တိုက်များသို့ သွားရောက်ဖတ်ရှုလေ့လာမှတ်သား လိုက်နာကျင့်ကြံကြသင့်သည်။

အချုပ်ဆိုရသော် **"ရုပ်လှပစေရေးအတွက် မှန်ကြည့်ကြသကဲ့သို့ ဘဝလှပစေရေးအတွက် စာကောင်း ပေမွန်များကို ဖတ်ရှုကြပါ"**ဟုသာဆန္ဒမွန်ပြုလိုက်ရပါသည်။

လူ့အလှ

- ကိုယ့်စိတ်ဖြူစင် သူဖြူစင်က ဖြူစင်တူမျှ လူ့အလှ။
- သူကလည်းချစ် ကိုယ်ပြန်ချစ်လျှင် ချစ်ခြင်းတူမျှ လူ့အလှ။
- ကိုယ်ကစာနာ သူစာနာနှင့် စာနာတူမျှ လူ့အလှ။
- သူကပေးဆပ် ကိုယ်ပေးဆပ်မူ ပေးဆပ်တူမျှ လူ့အလှ။
- ကိုယ်ကရိုင်းပင်း သူရိုင်းပင်းလျက် ရိုင်းပင်းတူမျှ လူ့အလှ။
- သူကကူညီ ကိုယ်ကူညီသော် ကူညီတူမျှ လူ့အလှ။
- သမီး အဖ သားလှအမိ တပည့်ဆရာ သဟာမိတ်ဖက် တွဲလက်တူယှဉ် ခင်ပွန်း ဇနီး အသီးသီးနှင့် ရွာကြီး မြို့ချီ အပြည်ပြည်တို့ ဤနှယ်ဆောင်ပြု တုံ့လှယ်မှုဖြင့် မုဒိတာမှန် အလင်းပြန်သော် ဘယ်မရှိ ဘေးမငြိနှင့် ပီတိယမုန် ကြည်သည့်ပုံသို့ လူ့ဘုံချမ်းမြေ လူ့အလှ။

အို... ကောင်းလေစွ မြတ်သုခ။ ။

ချစ်စုအောင်

မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

မြို့သစ် နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သူဇာလွင်နှင့်ဝန်ထမ်းများက ရေပြည့်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို VDPစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သန်း စုစုပေါင်းငွေကျပ် သန်း ၃၀ ဖြင့် မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အောက်တိုဘာ ၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညီ**

အမေရိကန်သမ္မတ၏ အထူးသံတမန်များ ရုရှားသမ္မတ ပူတင်နှင့် တွေ့ဆုံမည်

မော်စကို နိုဝင်ဘာ ၁၂

ရုရှားနှင့် ယူကရိန်းတို့ကြား အဘူဒါဘီ ငြိမ်းချမ်းရေးဆွေးနွေးပွဲပြီးဆုံးပြီးနောက် အမေရိကန်သမ္မတဒေါနယ်ထရမ့်၏ အထူးသံတမန် စတီဗ်ဝစ်ကော့ဖ်နှင့် ဂျရက်ကုရှ်နာတို့သည် ယနေ့တွင် မော်စကိုမြို့သို့ သွားရောက်၍ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ နှစ်ရက်ကြာ ကျင်းပခဲ့သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် စစ်သုံ့ပန်းချင်း အပြန်အလှန် ဖလှယ်မှုတစ်ရပ် ပြုလုပ်ရေး အတွက် ရုရှားနှင့် ယူကရိန်းတို့က သဘောတူထားသည်။

အဘူဒါဘီ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ ရုရှားနှင့် ယူကရိန်းတို့ သဘောတူညီခဲ့ကြသည့် စစ်သုံ့ပန်းချင်း အပြန်အလှန် ဖလှယ်ရေး အစီအစဉ်သည် ယူကရိန်းစစ်ရေးပဋိပက္ခ ကာလ တစ်လျှောက် အကြီးမားဆုံး စစ်သုံ့ပန်းချင်း အပြန်အလှန် ဖလှယ်မှု ဖြစ်လာမည်ဖြစ်ကြောင်း အမေရိကန် အထူးသံတမန်များက ပြောကြားထားသည်။

သို့ရာတွင် အနာဂတ်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ဥရောပ ပါဝင်သင့်သည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ ရုရှားနှင့် ယူကရိန်းတို့ကြား သဘောထားကွဲလွဲနေဆဲ ဖြစ်ကြောင်းသိရသည်။

အမေရိကန် အထူးသံတမန် စတီဗ်ဝစ်ကော့ဖ်နှင့် ဂျရက်ကုရှ်နာတို့သည် မော်စကိုမြို့၌ ရုရှား သမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ယခုရက်သတ္တပတ် အတွင်းကျင်းပမည့် ဥရောပ ထိပ်သီးညီလာခံများ၌ ပါဝင် တက်ရောက်ရန် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့သို့ ဆက်လက်သွား ရောက်မည်ဖြစ်သည်။

ရုရှားနှင့် ယူကရိန်းတို့၏ အဘူဒါဘီ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် စတီဗ်ဝစ်ကော့ဖ်နှင့် ဂျရက်ကုရှ်နာတို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

အမေရိကန်စစ်ပြန်များနေ့အခမ်းအနားမိန့်ခွန်း၌ အီရန်စစ်ရေးပဋိပက္ခနှင့်ပတ်သက်၍ သမ္မတဒေါနယ်ထရမ့် ပြောကြား



ဝါရှင်တန် နိုဝင်ဘာ ၁၂

နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပခဲ့သော အမေရိကန်စစ်ပြန်များနေ့ အခမ်းအနားမိန့်ခွန်း၌ သမ္မတဒေါနယ်ထရမ့်က အီရန်စစ်ရေးပဋိပက္ခနှင့်ပတ်သက်၍ ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်စစ်ရေးပဋိပက္ခတွင် အမေရိကန် စစ်သည်တော်များသည် ၎င်းတို့၏ သတ္တိဗျတ္တိနှင့် ကျွမ်းကျင်မှုတို့ကို အံ့မခန်းပြသနိုင်ခဲ့ကြောင်း သမ္မတဒေါနယ်ထရမ့်က စစ်ပြန်များနေ့ အခမ်းအနား မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ထို့ပြင် အီရန်စစ်ရေးပဋိပက္ခပြီးဆုံးချိန်တွင် ကမ္ဘာကြီးတစ်ခုလုံး ပို၍ ဘေးကင်းလုံခြုံသော၊ ပို၍ အေးချမ်းသော နေရာတစ်ခုဖြစ်လာနိုင်မည်ဖြစ်ကြောင်း သမ္မတဒေါနယ်ထရမ့်ကပြောကြားခဲ့သည်။

ထို့ပြင် အီရန်စစ်ရေးပဋိပက္ခသည် အမေရိကန်နိုင်ငံက စတင်ခဲ့ခြင်းမဟုတ်ဘဲ ၁၉၇၉ ခုနှစ်မှစ၍ အမေရိကန်ကို စစ်ဆင်နွှဲနေသော အီရန်နိုင်ငံကသာ စတင်ခဲ့ခြင်းဖြစ်ကြောင်း စစ်ပြန်များနေ့ အခမ်းအနားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

အသက် ၈၀ ရှိ အမေရိကန်သမ္မတဒေါနယ်ထရမ့်သည် အာလင်တန် အမျိုးသားစစ်သချိုင်း၌ ကျင်းပခဲ့သည့် စစ်ပြန်များနေ့ အခမ်းအနားတွင် အညတရ စစ်သည်ကူဗီမာန်၌ ပန်းခွေချ အလေးပြုခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သည့် အီရန်စစ်ရေးပဋိပက္ခကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၂၃ ဦးကျဆုံး၍ ရာနှင့်ချီ ဒဏ်ရာရခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

အာဂျင်တီးနား ရေတပ်နှင့်လေတပ်ကို အကြမ်းဖက်အဖွဲ့များအဖြစ် အီရန်သတ်မှတ်

တီဟီရန် နိုဝင်ဘာ ၁၂

အာဂျင်တီးနား ရေတပ်နှင့် လေတပ်တို့ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အီရန်အစိုးရက သတ်မှတ်လိုက်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယခုနှစ် ဧပြီလအတွင်း အာဂျင်တီးနားအစိုးရက အီရန်တော်လှန်ရေးအစောင့်တပ်ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာသတ်မှတ်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အာဂျင်တီးနား ရေတပ်နှင့်လေတပ်တို့ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အီရန်အစိုးရက ပြန်လည်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

အာဂျင်တီးနား နိုင်ငံသည် အမေရိကန်သမ္မတ ဒေါနယ်ထရမ့်အစိုးရ၏ ဖိအားပေးမှုအရ အီရန်တော်လှန်ရေး အစောင့်တပ်ကို အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပြန်လည်တုံ့ပြန်ရေး သဘောတရားအရ အီရန်နိုင်ငံကလည်း အာဂျင်တီးနားရေတပ်နှင့်လေတပ်တို့ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် မှတ်ယူကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါကြေညာချက်တွင် အာဂျင်တီးနား ကြည်းတပ်ကို ထည့်သွင်း ဖော်ပြခြင်းမရှိခဲ့ကြောင်း သိရသည်။

အာဂျင်တီးနား နိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော လူ ၈၅ ဦးသေဆုံးခဲ့သည့် ဗျူနို့စ်အေရိစ်မြို့ အက်ဂျူဗဟိုဌာန ဗုံးခွဲတိုက်ခိုက်မှုအတွက် တာဝန်ရှိသည့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဗိုလာ လက်နက်ကိုင်အဖွဲ့ကို အားပေးကူညီမှုဖြင့် အီရန် တော်လှန်ရေး အစောင့်တပ်ကို အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ နိုဝင်ဘာ ၁၁ ရက် ကြေညာချက်ကို ပြတ်ပြတ်သားသား ငြင်းပယ်သည်ဟု အာဂျင်တီးနား နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

အင်ဒိုနီးရှား ဒုတိယသမ္မတ ဂျီဘရန်း ရာထူးမှ နုတ်ထွက်



ဂျကာတာ နိုဝင်ဘာ ၁၂

အင်ဒိုနီးရှား ဒုတိယသမ္မတ ဂျီဘရန်းသည် နိုဝင်ဘာ ၁၁ ရက်တွင် ရာထူးမှနုတ်ထွက်သွားပြီဖြစ်ကြောင်း ၎င်း၏လက်ထောက်တစ်ဦးက အတည်ပြုပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒုတိယသမ္မတ ဂျီဘရန်း ရာထူးမှ နုတ်ထွက်သွားမှုကြောင့် အင်ဒိုနီးရှားနိုင်ငံ၌ နိုင်ငံရေးအရ မရေရာမှုများ ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

ဒုတိယသမ္မတ ဂျီဘရန်း၏ ပညာရေး မှတ်တမ်းများမှာ ရွှေကောက်ပွဲ စည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေ တရားရုံးနှင့် တရားလွှတ်တော်ချုပ်တို့က ပြီးခဲ့သည့်လက ဆုံးဖြတ်ခဲ့ပြီးနောက် ဒုတိယသမ္မတရာထူးမှ ဂျီဘရန်း နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေတရားရုံးနှင့် တရားလွှတ်တော်ချုပ်တို့၏ အဆိုပါ ဆုံးဖြတ်ချက်ကြောင့် အသက် ၃၉ နှစ်ရှိ ဒုတိယသမ္မတဂျီဘရန်းမှာ လွှတ်တော်အမတ်များ၏ စစ်ဆေးမှုနှင့် ရင်ဆိုင်ခဲ့ရသည်။

ဒုတိယသမ္မတ ဂျီဘရန်းသည် ၎င်း၏ ရာထူးမှ နုတ်ထွက်လွှာကို နိုဝင်ဘာ ၁၁ ရက်တွင် လွှတ်တော်သို့ပေးအပ်ခဲ့ပြီး သမ္မတ ပရာဘိုဝို ဆူဘီယန်တိုထံသို့လည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ကမ္ဘာ့အကြီးဆုံးသမိုင်းပြတိုက်စိမံကိန်း အိန္ဒိယအစိုးရအတည်ပြု



ဒေလီ နိုဝင်ဘာ ၁၂

ကမ္ဘာ့အကြီးဆုံး သမိုင်းပြတိုက်စိမံကိန်းကို ဝန်ကြီးချုပ်မိုဒီဦးဆောင်သော အိန္ဒိယအစိုးရအဖွဲ့က နိုဝင်ဘာ ၁၁ ရက်တွင် အတည်ပြုခဲ့ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူဂီးယူဂင်းဘာရတ် သမိုင်းပြတိုက်သစ်အတွက် နယူးဒေလီမြို့ရှိ သမိုင်းဝင်အတွင်းဝန်ရုံးများဖြစ်သော နော့သ်ဘလော့ခ်နှင့် ဆော့သ်ဘလော့ခ် အဆောက်အအုံတို့ကို အမေရိကန်ဒေါ်လာ သန်း ၃၄၀ ကုန်ကျခံ၍ ပြန်လည်ပြင်ဆင်မွမ်းမံရန် အိန္ဒိယအစိုးရက စီစဉ်ထားသည်။

ယူဂီးယူဂင်းဘာရတ် သည် ခေတ်အဆက်ဆက်မှ အိန္ဒိယဟူ၍အဓိပ္ပာယ်ရပြီး စီမံကိန်းပြီးစီးပါက ကမ္ဘာ့အကြီးဆုံးသမိုင်းပြတိုက်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

ယူဂီးယူဂင်းဘာရတ် ပြတိုက်တွင် အိန္ဒိယနိုင်ငံ၏ သမိုင်းနှင့် ယဉ်ကျေးမှု အထောက်အထားများကို အဓိကထားပြသမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

ယူဂီးယူဂင်းဘာရတ် ပြတိုက်၏ ပထမဆုံးပြခန်းကို လာမည့် ၂၀၂၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင် ဖွင့်လှစ်နိုင်ဖွယ်ရှိပြီး စီမံကိန်းတစ်ခုလုံးမှာ ၂၀၃၀-၃၁ ဘဏ္ဍာနှစ်တွင် ပြီးဆုံးနိုင်ကြောင်း သိရသည်။

ဝန်ကြီးချုပ်မိုဒီ ဦးဆောင်သော အိန္ဒိယအစိုးရအဖွဲ့သည် ကိုလိုနီခေတ်မတိုင်မီ အိန္ဒိယ ယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

စတားဖစ်စပေ့အာကာသနည်းပညာကုမ္ပဏီက ပထမဆုံး အာကာသယာဉ်ကိုလွှတ်တင်ပြီး တစ်လခန့်အကြာတွင် လက်လွတ်ဆုံးရှုံးခဲ့



ဝါရှင်တန် နိုဝင်ဘာ ၁၂

အမေရိကန်နိုင်ငံ ဆီယက်တဲလ်မြို့အခြေစိုက် စတားဖစ်စပေ့အာကာသနည်းပညာကုမ္ပဏီသည် ၎င်း၏ပထမဆုံး အာကာသယာဉ်ကို လွှတ်တင်ပြီး တစ်လခန့်အကြာတွင် လက်လွတ်ဆုံးရှုံးခဲ့ကြောင်း နိုဝင်ဘာ ၁၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

စတားဖစ်စပေ့ ကုမ္ပဏီသည် အောက်တာ ၂၄ စီအမည်ရှိ အဆိုပါ အာကာသယာဉ်ကို အောက်တိုဘာ ၁ ရက်တွင် စပေ့အိတ်ကုမ္ပဏီ၏ ထရန်စပေါ်တာ-၁၈ မစ်ရှင်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် လွှတ်တင်ပြီး တစ်လခန့်အကြာတွင် အောက်တာ ၂၄ စီ အာကာသယာဉ်သည် မြေပြင်ထိန်းချုပ်ရေး စခန်းနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့သည်ဟု စတားဖစ်စပေ့ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

စတားဖစ် စပေ့ကုမ္ပဏီသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ SSPICY မစ်ရှင်အရ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

စတားဖစ် စပေ့ကုမ္ပဏီသည် အနာဂတ် အာကာသအမှိုက်များ ဖယ်ရှားရှင်းလင်းရေးမစ်ရှင်အတွက် လိုအပ်သည့်နည်းပညာများကိုစမ်းသပ်ရန် အောက်တာ ၂၄ စီ အာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အလေးချိန် ၇၃၉ ပေါင် (၃၃၅ ကီလိုဂရမ်)ရှိသော အောက်တာ ၂၄ စီ အာကာသယာဉ်၏ မစ်ရှင်သက်တမ်းကို စတားဖစ်စပေ့ကုမ္ပဏီက နှစ်နှစ်ထိ သတ်မှတ်ထားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ပြိုကွဲရန်ခက်ခဲသောဓာတုပစ္စည်းများက ရင်သားကင်ဆာဖြစ်ပွားနိုင်ခြေ မြင့်တက်နိုင်

နယူးယောက် နိုဝင်ဘာ ၁၂

ပြိုကွဲရန် အလွန်ခက်ခဲသော ဓာတုပစ္စည်းများသည် ရင်သားကင်ဆာဖြစ်ပွားနိုင်ခြေ မြင့်တက်နိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Perfluoroalkyl and Polyfluoroalkyl Substances(PFAS) အုပ်စုဝင်ဓာတုပစ္စည်းနှစ်မျိုး သွေးအတွင်းပါဝင်မှုမြင့်မားသည့် အမျိုးသမီးများ၌ ER-Negative ရင်သားကင်ဆာဖြစ်ပွားနိုင်ခြေ မြင့်မားနေတတ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၃၅ နှစ်နှင့် ၇၄ နှစ်ကြားရှိ အမျိုးသမီး ၅၁၀၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာမှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ သွေးလည်ပတ်မှု စနစ်အတွင်း Perfluorooctanoic Acid(PFOA) ဓာတုပစ္စည်း ပါဝင်မှုမြင့်မားသူ အမျိုးသမီးများတွင် ER-Negative ရင်သားကင်ဆာ ဖြစ်နိုင်ခြေ ပုံမှန်ထက် ၆၇ ရာခိုင်နှုန်းမြင့်မားသည်ကို တွေ့ရကြောင်း၊ အလားတူ Perfluorooctane – sulfonic Acid (PFOS) ဓာတုပစ္စည်း သွေးအတွင်း ပါဝင်မှုအမြင့်မားဆုံးအမျိုးသမီးများတွင်လည်း ER-Negative ရင်သားကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ၉၃ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

PFAS ဓာတုပစ္စည်းများကို မီးသတ်ရေမြှုပ်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အစားအစာထုပ်ပိုးပစ္စည်းများ၊ ပရိဘောဂများနှင့် ရေစိုခံ အဝတ်အထည်များတွင် ထည့်သွင်းအသုံးပြုလေ့ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

နာဆာ၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်က နိုဝင်ဘာ ၁၈ ရက်တွင် ကမ္ဘာဂြိုဟ်နှင့်အလင်းရက် တစ်ရက်တာအကွာအဝေးသို့ ရောက်ရှိမည်

ဝါရှင်တန် နိုဝင်ဘာ ၁၂

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် နိုဝင်ဘာ ၁၈ ရက်တွင် ကမ္ဘာဂြိုဟ်နှင့် အလင်းရက်တစ်ရက်တာအကွာအဝေးသို့ ရောက်ရှိမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာဆာ သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ဗွိုင်ယေဂျာ-၁ အာကာယာဉ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၁၆ ဒသမ ၀၉ ဘီလီယံအကွာသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မိုင်ပေါင်း ၁၆ ဒသမ ၀၉ ဘီလီယံအကွာအဝေးသည် အလင်းရက် (Light Day) တစ်ရက်တာအကွာအဝေးနှင့် ညီမျှကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



အလင်းရက် တစ်ရက်တာအကွာအဝေးသို့ ရောက်ရှိချိန်တွင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်က ထုတ်လွှတ်မည့် ရေဒီယိုအချက်ပြလိုင်းများသည် ကမ္ဘာဂြိုဟ်ပေါ်သို့ ရောက်ရှိရန် ၂၄ နာရီအချိန်ယူရမည်ဖြစ်သည်။

နာဆာအဖွဲ့သည် ဗွိုင်ယေဂျာ-၁ နှင့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်များကို ၁၉၇၇ ခုနှစ်တွင် စတင်လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ၂၀၁၂ ခုနှစ်တွင် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၁၁ ဘီလီယံကွာဝေးသော ကြယ်တာရာ ဟင်းလင်းပြင် ကြားခံနယ်မြေအတွင်းသို့ စတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

Baxdrostat ဆေးသစ်တစ်မျိုးက သွေးတိုးရောဂါကိုကုရာတွင် အထောက်အကူပြုနိုင်

လန်ဒန် နိုဝင်ဘာ ၁၂

Baxdrostat အမည်ရှိ ဆေးသစ်တစ်မျိုးသည် သွေးတိုးရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Baxdrostat ဆေးသည် သွေးတိုးရောဂါဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းတရားကို ထိန်းချုပ်ပေးနိုင်ကြောင်း သိရသည်။

တစ်ရက်လျှင် တစ်ကြိမ်သောက်ရန်လိုအပ်သည့် Baxdrostat ဆေးသည် Aldosterone ခေါ် ဟော်မုန်းတစ်မျိုးကို ထိန်းချုပ်ပေးခြင်းဖြင့် သွေးဖိအားကို ပုံမှန်အဆင့်သို့ ပြန်လည်လျှော့ချပေးနိုင်ကြောင်း၊ ထို့ပြင် Baxdrostat ဆေး၏အာနိသင်မှာ ဆေးသုံးစွဲမှု ရပ်တန့်ခဲ့ပြီး နောင်နှစ်နှစ်ကြာသည်ထိ ဆက်လက်တည်မြဲနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဗြိတိန်နိုင်ငံ၌ သွေးတိုးရောဂါခံစားနေရသူများအနက် ငါးရာခိုင်နှုန်းမှာ ပြန်ရည်ကျိတ်တစ်မျိုးက Aldosterone ဟော်မုန်းများကို လွန်ကဲစွာ ထုတ်လုပ်မှုကြောင့် ဖြစ်ပွားတတ်သည့် ဟော်မုန်းပြဿနာတစ်မျိုးကြောင့် သွေးတိုးရောဂါကို ခံစားနေရသူများဖြစ်ကြောင်း သိရသည်။

Aldosterone ဟော်မုန်းလွန်ကဲပါက ကျောက်ကပ်အနေဖြင့် ဆားဓာတ်နှင့်ရေဓာတ်ကို ထိန်းထားလေ့ရှိရာသွေးဖိအားမြင့်တက်လာတတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

လက်ချောင်းငယ်များကိုအသုံးပြု၍ လမ်းလျှောက်နိုင်စွမ်းရှိသည့် စက်ရုပ်လက်တံတစ်မျိုးကို သိပ္ပံပညာရှင်များ တည်ဆောက်ထား

ဘန်း နိုဝင်ဘာ ၁၂

လက်ချောင်းငယ်များကို အသုံးပြု၍ လမ်းလျှောက်နိုင်စွမ်းရှိသည့် စက်ရုပ်လက်တံတစ်မျိုးကို သိပ္ပံပညာရှင်များက တည်ဆောက်ထားကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ စက်ရုပ်လက်တံကို ဆွစ်ဇာလန်နိုင်ငံ အီးတီအိတ်ချ်ဇူးရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဖန်တီးတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဆွစ်ဇာလန်သိပ္ပံပညာရှင်များ၏ စက်ရုပ်လက်တံသည် လက်ချောင်းထိပ်ဖျားများကို ထောက်၍ မြေပြင်အခြေအနေ အမျိုးမျိုး၌ လမ်းလျှောက်သွားနိုင်သည်ဟု မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အလေးချိန် ၁ ဒသမ ၈ ပေါင်ရှိသည့် အထက်ပါစက်ရုပ်လက်တံသည် ပြိုလဲသွားချိန်တွင် ပြန်လည်မတ်ထူနိုင်စွမ်းရှိသည့်အပြင် ဘေးပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကိုလည်း တွန်းရွှေ့နိုင်စွမ်းရှိကြောင်း၊ ထို့ပြင် ဟန်ချက်ထိန်းထားနိုင်ချိန်တွင် ၎င်းစက်ရုပ်လက်တံသည် ကွန်ပျူတာကီးဘုတ်ပေါ်ရှိ ခလုတ်များကိုလည်း နှိပ်နိုင်စွမ်းရှိကြောင်း ဆွစ်ဇာလန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ စက်ရုပ်လက်တံများကို အနာဂတ်ကာလတွင် လူတူ စက်ရုပ်များ၌ တပ်ဆင်အသုံးပြုနိုင်ရန် ဆွစ်ဇာလန်သိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



ONE Friday Fights 178 ပြိုင်ပွဲတွင် ကျော်စွာဝင်း ပြိုင်ဘက်အပြောင်းအလဲ ထပ်မံဖြစ်ပေါ်ခဲ့ပြီး တာဂျစ်ကစ္စတန်ဖိုက်တာနှင့် ထိုးသတ်ရမည်

ရန်ကုန် နိုဝင်ဘာ ၁၂

ONE Friday Fights 178ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ကျော်စွာဝင်းသည် ပြိုင်ဘက်အပြောင်းအလဲ ထပ်မံဖြစ်ပေါ်ခဲ့ပြီး တာဂျစ်ကစ္စတန်ဖိုက်တာနှင့် ထိုးသတ်ရမည်ဟု ONE Championship အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အစောပိုင်းတွင် ONE Championship အဖွဲ့ချုပ်က ONE Friday Fights 178 ပြိုင်ပွဲ၌ ကျော်စွာဝင်းကို ပြိုင်ဘက်ဟောင်းတစ်ဦး ဖြစ်သည့် ထိုင်းဖိုက်တာ ဆာမင်ဒမ်နှင့်ထိုးသတ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ONE Championship အဖွဲ့ချုပ်က ကျော်စွာဝင်း၏ပြိုင်ဘက်ဖိုက်တာကို အပြောင်းအလဲ လုပ်ဆောင်ခဲ့ပြီး နောက်ထပ် ထိုင်းဖိုက်တာ တစ်ဦးဖြစ်သည့် ရော့လက်ပက်နှင့် ထိုးသတ်ရန် စီစဉ်ခဲ့သော်လည်း ယခုအခါ ဒုတိယအကြိမ်ပြိုင်ဘက်အပြောင်းအလဲ အလုပ်ဆောင်ခဲ့ကာ တာဂျစ်ကစ္စတန်ဖိုက်တာ ရာဇိဒီနှင့် ထိုးသတ်ရန်စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ONE Friday Fights 178 ပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည် ဖြစ်ပြီး စုစုပေါင်းတွဲဆိုင်း ၁၄ဆိုင်း ထည့်သွင်း ကျင်းပမည်ဖြစ်ကာ မြန်မာနိုင်ငံမှ ကျော်စွာဝင်းအပြင် မြလုံးချောလည်း ပါဝင်ထိုးသတ်မည်ဖြစ်ပြီး မြလုံးချောက ထိုင်းဖိုက်တာ ဘန်လူးနှင့် ထိုးသတ်ရမည် ဖြစ်ကြောင်း သိရသည်။

STA

WTA Finals အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို အန်ဒရီဗာ တက်ရောက်



ဝါရှင်တန် နိုဝင်ဘာ ၁၂

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် WTA Finals အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ရုရှားတင်းနစ်မယ် အန်ဒရီဗာနှင့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာတို့ ကစားခဲ့ရာ အန်ဒရီဗာက နှစ်ပွဲပြတ်ဖြင့်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့်(၁) အဖြစ် သတ်မှတ်ခံထားရသည့် ဆာဘာလင်ကာကို အန်ဒရီဗာက ဖိအားပေးကစားခဲ့ပြီး ပထမပွဲငယ်တွင် (၆-၄)ရလဒ်၊ ဒုတိယပွဲငယ်တွင် (၆-၀)ရလဒ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရပြီး အုပ်စုပထမနေရာမှဦးဆောင်ခဲ့ကာ အုပ်စုပွဲစဉ်တစ်ပွဲအလိုတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ အုပ်စု(B)တွင် အန်ဒရီဗာက နှစ်ပွဲနိုင်၊ ဆာဘာလင်ကာက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ချက်တင်းနစ်မယ် မူချိုဗာက နှစ်ပွဲရှုံးဖြင့် ရပ်တည်နေသည်။

အန်ဒရီဗာသည် ပရော်ဖက်ရှင်နယ် တင်းနစ်မယ်ဘဝတွင် ယခုပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက် ကစားခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ရလဒ်ကောင်းများရယူခဲ့ကာ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၄ ရက်တွင် မူချိုဗာနှင့် ဆက်လက် ကစားရမည်ဖြစ်သော်လည်း ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ထားပြီး ဆာဘာလင်ကာနှင့် စဗစ်တိုလီနာတို့ပွဲစဉ်တွင် အနိုင်ရမည့်သူက ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

မြန်မာလိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရခိုင်ယူနိုက်တက်အသင်းအနိုင်ရပြီး ရွိုင်ရယ်ဒဂုံအက်ဖ်စီနှင့် VUE Nay Pyi Taw FCအသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် နိုဝင်ဘာ ၁၂



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရခိုင်ယူနိုက်တက် အသင်းအနိုင်ရပြီး ရွိုင်ရယ်ဒဂုံအက်ဖ်စီအသင်းနှင့် VUE Nay Pyi Taw FC အသင်းတို့ ပွဲစဉ်တွင် သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၅)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် Enjoy Brother အသင်းတို့ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက ခုနစ်ဂိုး တစ်ဂိုး ဖြင့်အနိုင်ရပြီး ရခိုင်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၉ မိနစ်၊ ၆၂ မိနစ်၊ ၇၄ မိနစ်၊ ၇၅ မိနစ်တို့တွင် ထွန်းနိုင်စိုး၊ ပွဲချိန် ၃၃ မိနစ်တွင် ညီညီထွန်း၊ ပွဲချိန် ၅၃ မိနစ်တွင် ရဲထက်နိုင်၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုသုံးမိနစ်တွင် စိုးဝဏ္ဏအောင်တို့က သွင်းယူခဲ့ပြီး Enjoy Brother အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅မိနစ် ပြည့်ပြီး အချိန်ပိုနှစ်မိနစ်တွင် အောင်ပြည့်စုံက သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ရွိုင်ရယ်ဒဂုံအက်ဖ်စီအသင်းနှင့် VUE Nay Pyi Taw FC အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရွိုင်ရယ်ဒဂုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် Nyobe က သွင်းယူခဲ့ပြီး VUE Nay Pyi Taw FC အသင်းအတွက် သွင်းဂိုးကို ပွဲချိန်လေးမိနစ်တွင် မင်းမင်းသူက သွင်းယူခဲ့ခြင်း ဖြစ်သည်။

မြန်မာလိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၃ ရက်တွင် University အသင်းနှင့် Asia Lion FC အသင်းတို့ ဆက်လက်ကစား မည်ဖြစ်ကြောင်း သိရသည်။

STA

မြန်မာဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက မဟာဘားမားအသင်းနှင့် Bushido အသင်းတို့ကစားခဲ့ရာ မဟာဘားမားအသင်းက လေးဂိုး သုံးဂိုး၊ နံနက် ၁၀ နာရီက ယူနိုက်တက် စီးတီးအသင်းနှင့် မင်းမဟော်အသင်းတို့ကစားခဲ့ရာ မင်းမဟော်အသင်းက လေးဂိုး နှစ်ဂိုး၊ နံနက် ၁၁ နာရီခွဲက TKA Star အသင်းနှင့် ရွှေပြည်သာယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ရွှေပြည်သာယူနိုက်တက်အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီက မာရိန်အသင်းနှင့် ပစိဖိတ်ဆန်းဖားအသင်းတို့ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက သုံးဂိုး နှစ်ဂိုး၊ မွန်းလွဲ ၂ နာရီခွဲက SGF Youth အသင်းနှင့် အဗန်ဂျာဂျူနီယာ အသင်းတို့ကစားခဲ့ရာ SGF Youth အသင်းက ခုနစ်ဂိုးနှစ်ဂိုး၊ ညနေ ၄ နာရီက ဗစ်တိုးရီးယားအသင်းနှင့် Jullniss အသင်းတို့ကစားခဲ့ရာ ဗစ်တိုးရီးယားအသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့် အသီးသီးအနိုင်ရခဲ့သည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များအပြီး တွင် SGF Youth အသင်းက ၁၆ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၅၀ ဖြင့် အဆင့်(၁)နေရာမှ ဦးဆောင်နေကြောင်းသိရသည်။

STA

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့ အဓိကတွဲဆိုင်းအဖြစ်ထိုးသတ်မည့်ပွဲစဉ်တွင် နောက်ထပ်တွဲဆိုင်းသုံးဆိုင်းပါထည့်သွင်း ကျင်းပမည်ဟု Netflix ကြေညာ

ဝါရှင်တန် နိုဝင်ဘာ ၁၂



ကမ္ဘာ့ထိပ်တန်း ရုပ်သံလိုင်းကုမ္ပဏီတစ်ခုဖြစ်သည့် Netflix က စီစဉ်ကျင်းပမည့် ဗြိတိန်လက်ဝှေ့သမားများ ဖြစ်သည့် တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှု အာတို့ အဓိကတွဲဆိုင်းအဖြစ် ထိုးသတ်မည့် ပွဲစဉ်တွင် အခြားတွဲဆိုင်း သုံးဆိုင်းကိုပါ ထည့်သွင်း ကျင်းပမည်ဖြစ်ကြောင်း Netflix သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့သည် အဓိကတွဲဆိုင်းအဖြစ် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့ ရှိ Principality Stadium တွင် ထိုးသတ်မည်ဖြစ်ပြီး Netflix ကုမ္ပဏီက ၎င်းတို့တွဲဆိုင်းအပြင် အခြား တွဲဆိုင်းများကိုပါ ထည့်သွင်းကျင်းပရန် ကြိုးပမ်းခဲ့ပြီးနောက် ယခုအခါ နောက်ထပ် တွဲဆိုင်းသုံးဆိုင်းကိုပါ ထည့်သွင်းကျင်းပရန် သဘောတူညီမှု ရရှိခဲ့ခြင်း ဖြစ်သည်။

နောက်ထပ် အခြားတွဲဆိုင်းများတွင် ဒုတိယခေါင်တွဲဆိုင်းအဖြစ် အမေရိကန် လက်ဝှေ့သမား ဝိုင်ဒါနှင့် ဩစတြေးလျ လက်ဝှေ့သမား အိုပီတိုင်ယာတို့ တွဲဆိုင်းပါဝင်မည်ဖြစ်ပြီး ကွန်ဂို လက်ဝှေ့သမား ဘာကိုလီနှင့် နိုင်ဂျီးရီးယား လက်ဝှေ့သမား အဒီဘာယို၊ အမေရိကန်လက်ဝှေ့သမား ဗန်ဟူတာနှင့် ဘယ်ဂျီယံ လက်ဝှေ့သမား အက်ဆွန်ဘာတို့ တွဲဆိုင်းများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့ပြင် အိုပီတိုင်ယာသည် ခရူဇာဝိတ်တန်းတွင် ထိုးသတ်နေသူဖြစ်သော်လည်း ဝိုင်ဒါနှင့်ပွဲစဉ်တွင် ဟဲဗီးဝိတ်တန်းသို့ ဝိတ်တန်း ရွှေ့ပြောင်းထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Netflix

Trs : STA

စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ နိုင်ငံတကာဘောလုံးပြိုင်ပွဲ ပွဲစဉ်တွေထဲက နော်ဝေအသင်း၊ ဆွီဒင်အသင်း၊ မြောက်အိုင်ယာလန်အသင်းတို့ကို အကြိုက်တွေ့မိပါတယ်

M L



ဒီတစ်ပတ်မှာတော့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ခေတ္တရပ်နားခဲ့ပြီး နိုင်ငံတကာရက်သတ္တပတ်လို့ဆိုရမဲ့ ယူအီးအက်ဖ်အေနေရှင်းလင်းအုပ်စုပွဲစဉ်တွေ၊ အာဖရိကဖလားခြေစစ်ပွဲစဉ်တွေနဲ့ နိုင်ငံတကာခြေစမ်းပွဲစဉ်တွေသာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီတစ်ပတ် စနေနေ့ညမှာ ယူအီးအက်ဖ်အေနေရှင်းလင်းအုပ်စုပွဲစဉ်မှာ နာမည်ကြီး ထိပ်သီးနိုင်ငံအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတဲ့ပွဲတွေအပြင် နော်ဝေနဲ့ ဝေးလ်အသင်း၊ ဆွီဒင်နဲ့ ဘော့စနီးယားအသင်း၊ မြောက်အိုင်ယာလန်နဲ့ ယူကရိန်းအသင်းတို့ ပွဲစဉ်တွေပါ ယှဉ်ပြိုင်ကစားကြမှာပါ။ အဲဒီပွဲစဉ်တွေထဲက အိမ်ရှင်အသင်းတွေဖြစ်ကြတဲ့ နော်ဝေအသင်း၊ ဆွီဒင်အသင်း၊ မြောက်အိုင်ယာလန်အသင်းတို့ကို အကြိုက်တွေ့မိပါတယ်။

နော်ဝေအသင်း နိုင်ပွဲရှာဖွေလာမှာပါ

စနေနေ့ညမှာကစားမဲ့ ယူအီးအက်ဖ်အေနေရှင်းလင်းပွဲစဉ်တွေထဲက ပထမဆုံးအကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ နော်ဝေနဲ့ ဝေးလ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ယူအီးအက်ဖ်အေနေရှင်းလင်းအဆင့်(A)ရဲ့ အုပ်စု(၄)မှာ ပေါ်တူဂီ၊ ဒိန်းမတ်အသင်းတို့နဲ့ ကျရောက်နေတာဖြစ်ပြီး အုပ်စုပွဲစဉ်လေးပွဲကစားအပြီးမှာ သုံးမှတ်စီသာရရှိထားကြတဲ့အသင်းတွေဖြစ်ပါတယ်။ လက်ရှိမှာ နော်ဝေအသင်းအနေနဲ့ အုပ်စုပွဲစဉ် လေးပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး နောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်ထားပါတယ်။ အုပ်စုအဆင့်(၄)နေရာမှာ ရပ်တည်နေတဲ့ နော်ဝေအသင်းဟာ အခုဝေးလ်အသင်းနဲ့ပွဲစဉ်အပါအဝင် နောက်ဆုံးပွဲစဉ် နှစ်ပွဲသာ ကျန်ရှိနေတာကြောင့် နိုင်ပွဲရဖို့ အကောင်းဆုံးပြင်ဆင်လာနိုင်ပါတယ်။ ဒါ့ပြင် ကမ္ဘာအဆင့်(၁၉)မှာ ရပ်တည်နေတဲ့ နော်ဝေအသင်းမှာ မန်စီးတီးတိုက်စစ်မှူး ဟာလန်း၊ လိုက်ပ်ဇစ်တိုက်စစ်မှူး နူဆာ၊ အာဆင်နယ်ကွင်းလယ်ကစားသမား အိုဒီဂတ်တို့လို ထိပ်သီးကစားသမားတွေပါဝင်နေတာကြောင့် ဝေးလ်အသင်းအနေနဲ့ ခံစစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲမှာပါ။

ဝေးလ်အသင်းအနေနဲ့လဲ အုပ်စုပွဲစဉ် လေးပွဲမှာ တစ်ပွဲသာ အနိုင်ရထားပြီး သုံးပွဲဆက်ရှုံးနိမ့်ထားကာ နော်ဝေအသင်းနဲ့ ရမှတ်တူဂိုးကွာခြားချက်နဲ့ အုပ်စုအဆင့်(၃)နေရာမှာ ရမှတ်သုံးမှတ်နဲ့ ရပ်တည်နေပါတယ်။ ကမ္ဘာ့အဆင့် (၃၉)မှာ ရပ်တည်နေတဲ့ သူတို့အသင်းအနေနဲ့ ပြိုင်ပွဲစုံနောက်ဆုံးရှစ်ပွဲမှာလဲ တစ်ပွဲသာအနိုင်ရထားတဲ့ထိ ခြေစွမ်းပိုင်းကျဆင်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဝေးလ်အသင်းအနေနဲ့ အခုပွဲစဉ်မှာ ဟာလန်းဦးဆောင်လာမဲ့ နော်ဝေတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ ခက်ခဲပါလိမ့်မယ်။ သူတို့နှစ်သင်းအနေနဲ့ နောက်ဆုံးတွေ့ဆုံမှု နှစ်ကြိမ်စလုံးမှာ ဝေးလ်အသင်းက နှစ်ကြိမ်စလုံးအနိုင်ရရှိထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ အခုပွဲစဉ်မှာတော့ ကစားသမားပိုင်းအသာရနေသလို အိမ်ကွင်းမှာ ဖိအားပေးကစားလာမဲ့ နော်ဝေအသင်းပဲ နိုင်ပွဲရှာဖွေလာမှာပါ။

နော်ဝေအသင်း၏ နောက်ဆုံးငါးပွဲရလဒ်

နော်ဝေ	၁	-	၂	အင်္ဂလန်
နော်ဝေ	၃	-	၂	ဒိန်းမတ်
နော်ဝေ	၁	-	၂	ပေါ်တူဂီ
ဝေးလ်	၂	-	၁	နော်ဝေ
ပေါ်တူဂီ	၂	-	၁	နော်ဝေ

ဝေးလ်အသင်း၏ နောက်ဆုံးငါးပွဲရလဒ်

ရိုမေးနီးယား	၂	-	၁	ဝေးလ်
ပေါ်တူဂီ	၁	-	၀	ဝေးလ်
ဒိန်းမတ်	၂	-	၀	ဝေးလ်
ဝေးလ်	၂	-	၁	နော်ဝေ
ဝေးလ်	၀	-	၁	ဒိန်းမတ်

ဆွီဒင်အသင်းကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ ယူအီးအက်ဖ်အေပွဲစဉ်တွေထဲက နောက်ထပ် အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆွီဒင်အသင်းနဲ့ ဘော့စနီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၃ ရက် တွေ့ဆုံမှုမှာဆိုရင် အိမ်ရှင်ဘော့စနီးယားအသင်းအနေနဲ့ တစ်ဂိုးစီသာ သရေကစားထားနိုင်ခဲ့ပါတယ်။ လက်ရှိမှာဆိုရင် ဆွီဒင်အသင်းအနေနဲ့ ယူအီးအက်ဖ်အေနေရှင်းလင်း(B)ရဲ့အုပ်စုအဆင့်မှာ ရမှတ် ၁၀ မှတ်နဲ့ အဆင့်(၁)နေရာမှာ ရပ်တည်နေပါတယ်။ ကမ္ဘာ့အဆင့် (၃၄)ရှိနေတဲ့ ဆွီဒင်အသင်းအနေနဲ့ အခုအုပ်စုမှာ ခြေစွမ်းပိုင်းနဲ့ ကစားသမားပိုင်း စွမ်းဆောင်ရည်အကောင်းဆုံးအနေအထားမှာ ရှိနေတယ်လို့ ဆိုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့အုပ်စု လေးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေရထားပြီး ရှုံးပွဲမရှိသေးတာကြောင့် အဝေးကွင်းစွမ်းဆောင်ရည်ကျဆင်းနေတဲ့ ဘော့စနီးယားအသင်းကို အဘက်ဘက်က ဖိအားပေးကစားလာမှာပါ။

ကမ္ဘာ့အဆင့် (၅၇) ရှိတဲ့ ဘော့စနီးယားအသင်းဟာ အုပ်စုအဆင့် (၂)နေရာမှာ ရမှတ် ၅စ်မှတ်နဲ့ ရပ်တည်နေတယ်ဆိုပေမဲ့ လက်ရှိခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိဘူးလို့ ဆိုရမှာပါ။ ပြီးခဲ့တဲ့နောက်ဆုံးပွဲစဉ်မှာ ပိုလန်အသင်းကို ပွဲချိန် ၈၄ မိနစ်မှာ ရရှိခဲ့တဲ့ပင်နယ်တီသွင်းဂိုးနဲ့ တစ်ဂိုး ဂိုးမရှိအနိုင်ရရှိခဲ့တာဖြစ်ပေမဲ့ ပွဲချိန်တစ်လျှောက်လုံးမှာ ပိုလန်အသင်းရဲ့အကြိမ်ကြိမ်ဖိအားပေးတာကို ခံခဲ့ရတာပါ။ သူတို့အသင်းအနေနဲ့ အဝေးကွင်းခြေစွမ်းပိုင်းကျဆင်းနေတယ်လို့ ဆိုရမှာဖြစ်ပြီး ပြိုင်ပွဲစုံအဝေးကွင်း နောက်ဆုံးရှစ်ပွဲမှာ တစ်ပွဲသာအနိုင်ရရှိထားပြီး ငါးပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ထားပါတယ်။ ဒါ့ပြင် အိမ်ကွင်းဆိုရင် တိုက်စစ်ပိုင်းထက်မြက်နေသလို လက်ရှိမှာလဲ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိတဲ့ ဆွီဒင်အသင်းကို အသာရဖို့ ခက်ခဲမှာဖြစ်တာကြောင့် ဆွီဒင်အသင်းကိုပဲ အားပေးရမှာပါ။

ဆွီဒင်အသင်း၏ နောက်ဆုံးငါးပွဲရလဒ်

ပြင်သစ်	၃	-	၀	ဆွီဒင်
ဆွီဒင်	၂	-	၁	ရိုမေးနီးယား
ဆွီဒင်	၃	-	၁	ပိုလန်
ဘော့စနီးယား	၁	-	၁	ဆွီဒင်
ရိုမေးနီးယား	၀	-	၁	ဆွီဒင်

ဘော့စနီးယားအသင်း၏ နောက်ဆုံးငါးပွဲရလဒ်

အမေရိကန်	၂	-	၀	ဘော့စနီးယား
ပိုလန်	၀	-	၀	ဘော့စနီးယား
ရိုမေးနီးယား	၂	-	၄	ဘော့စနီးယား
ဘော့စနီးယား	၁	-	၁	ဆွီဒင်
ဘော့စနီးယား	၁	-	၀	ပိုလန်

မြောက်အိုင်ယာလန်အသင်းနဲ့ လက်တွဲရမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မြောက်အိုင်ယာလန်အသင်းနဲ့ ယူကရိန်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းဟာ ပြီးခဲ့တဲ့အောက်တိုဘာ ၃ ရက်မှာ တွေ့ဆုံခဲ့ပြီး မြောက်အိုင်ယာလန်အသင်းက အဝေးကွင်းမှာ သုံးဂိုးပြတ်နဲ့အနိုင်ရရှိထားပါတယ်။ ဒါ့ပြင် ယူကရိန်းအသင်းအနေနဲ့လဲ တွေ့ဆုံမှုသုံးကြိမ်မှာ နှစ်ကြိမ်မြောက် ရှုံးနိမ့်ခဲ့တာဖြစ်ပြီး တစ်ကြိမ်သာအနိုင်ရထားတာပါ။ သူတို့နှစ်သင်းအနေနဲ့ ယူအီးအက်ဖ်အေနေရှင်းလင်း(B)ရဲ့အုပ်စု(၂)မှာ ဂျော်ဂျီယာ၊ ဟန်ဂေရီအသင်းတို့နဲ့အတူ ကျရောက်နေတာဖြစ်ပြီး လက်ရှိမှာတော့ မြောက်အိုင်ယာလန်အသင်းက အဆင့်(၁)မှာ ရမှတ်ရှစ်မှတ်နဲ့ ရပ်တည်နေတာဖြစ်ကာ ယူကရိန်းအသင်းကတော့ အဆင့်(၃)နေရာမှာ ရပ်တည်နေပါတယ်။ အုပ်စုပွဲစဉ်လေးပွဲကစားထားတဲ့ မြောက်အိုင်ယာလန်အသင်းကတော့ ရှုံးပွဲမရှိသေးဘဲ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ ခြေစွမ်းပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ သူတို့အသင်းအနေနဲ့ ဒီအုပ်စုမှာ တိုက်စစ်ပိုင်းကောင်းမွန်နေတယ်လို့ ဆိုရမှာဖြစ်ပြီး အခုပွဲစဉ်မှာလဲ ယူကရိန်းအသင်းကို အိမ်ကွင်းမှာ အကောင်းဆုံးဖိအားပေးကစားလာအုံးမှာပါ။

ယူကရိန်းအသင်းကတော့ ဒီအုပ်စုမှာ ခြေစွမ်းပိုင်းနဲ့ ခံစစ်ပိုင်း သာမန်သာရှိသလို ဘိုလော့နာ၊ ဘရန့်ဖို့ဒ်၊ အဲဗာတန်တို့မှာ ကစားတဲ့ ကစားသမားတွေလောက်သာ အဓိကအားထားနေရတာမို့ အကောင်းဆုံးပုံစံမှာရှိနေဖို့ ရုန်းကန်နေရတဲ့အသင်းပါ။ သူတို့အသင်းအနေနဲ့ အုပ်စုပွဲစဉ်လေးပွဲမှာ နှစ်ပွဲရှုံး၊ တစ်ပွဲသရေနဲ့ တစ်ပွဲသာ အနိုင်ရထားတာကို တွေ့ရမှာပါ။ အခုအဝေးကွင်းပွဲစဉ်မှာလဲ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ မြောက်အိုင်ယာလန်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့မဖြစ်နိုင်ပါဘူး။ ဒါ့ပြင် ယူကရိန်းအသင်းအနေနဲ့ အခုပြိုင်ပွဲမှာ တိုက်စစ်ထက် ခံစစ်ပိုင်းက ရုန်းကန်နေရတာကြောင့်လဲ အခုအဝေးကွင်းပွဲစဉ်မှာ မြောက်အိုင်ယာလန်အသင်းကို အဘက်ဘက်က အသာစီးရယူကစားဖို့ ခက်ခဲပါလိမ့်မယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစွမ်းဆောင်ရည်ပိုင်းမှာပါ အသာရနေတဲ့မြောက်အိုင်ယာလန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

မြောက်အိုင်ယာလန်အသင်း၏ နောက်ဆုံးငါးပွဲရလဒ်

ပြင်သစ်	၃	-	၁	မြောက်အိုင်ယာလန်
ဂျော်ဂျီယာ	၀	-	၁	မြောက်အိုင်ယာလန်
မြောက်အိုင်ယာလန်	၀	-	၀	ဟန်ဂေရီ
ယူကရိန်း	၀	-	၃	မြောက်အိုင်ယာလန်
မြောက်အိုင်ယာလန်	၀	-	၀	ဂျော်ဂျီယာ

ယူကရိန်းအသင်း၏ နောက်ဆုံးငါးပွဲရလဒ်

ပိုလန်	၀	-	၂	ယူကရိန်း
ဟန်ဂေရီ	၀	-	၁	ယူကရိန်း
ဂျော်ဂျီယာ	၀	-	၀	ယူကရိန်း
ယူကရိန်း	၀	-	၃	မြောက်အိုင်ယာလန်
ယူကရိန်း	၁	-	၂	ဟန်ဂေရီ

PGR နည်းပညာဖြင့် ဝါထွက်နှုန်းနှင့် အရည်အသွေးကိုမြှင့်တင်

နော်အဲလင်း(စိုက်ပျိုးရေး)



ကမ္ဘာပေါ်တွင် ဝါစိုက်ပျိုးထုတ်လုပ်မှုကို အထိရောက်ဆုံးအသုံးချပြီး နိုင်ငံစီးပွားရေးကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်နိုင်ငံများစွာရှိသည်။ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဘရာဇီးနှင့် အီဂျစ်နိုင်ငံတို့သည် ဝါကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ပြီး နိုင်ငံစီးပွားရေး၏ အဓိကမောင်းနှင်အားအဖြစ် ဖန်တီးနိုင်ခဲ့ကြသည်။ ဝါဂွမ်းထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ကာ ဝါကို ကုန်ကြမ်းအတိုင်း ပြည်ပသို့တင်ပို့သည်ဖြစ်စေ၊ တန်ဖိုးမြှင့်ချည်မျှင်နှင့် အထည်လိပ်များထုတ်လုပ်ကာ တင်ပို့သည်ဖြစ်စေ ၎င်းလုပ်ငန်းကွင်းဆက်တစ်ခုလုံး၏ အခြေခံအကျဆုံးကုန်ကြမ်းမှာ ဝါဖြစ်သည်။ ထို့ကြောင့် ဝါစိုက်တောင်သူများအနေဖြင့် ဝါအထွက်နှုန်းမြင့်မားမှုနှင့်အတူ စံချိန်မီအရည်အသွေးကောင်းမွန်မှုကိုပါ တစ်ပြိုင်နက်တည်းရရှိနိုင်စေရန်အတွက် အပင်ပုံသွင်းခြင်းနှင့် ကြီးထွားမှုထိန်းညှိခြင်းဆိုင်ရာ PGR နည်းပညာကို စနစ်တကျ လေ့လာပြီး လက်တွေ့အသုံးချရန်လိုအပ်ပေသည်။

ဝါပင်ပုံသွင်းခြင်းနှင့် ကြီးထွားမှုထိန်းညှိခြင်းဆိုင်ရာ PGR နည်းပညာတွင် လူ၏လုပ်အားဖြင့် ကိုင်းဖြတ်ခြင်းအပြင် အပင်ကြီးထွားမှုထိန်းညှိဆေးများသုံးစွဲခြင်းသည်လည်း ဇီဝကမ္မဗေဒနည်းအရ အပင်၏ပုံသဏ္ဌာန်ကိုထိန်းချုပ်ပေးသည့် စိုက်ပျိုးရေးနည်းပညာဖြစ်သည်။ မြေဩဇာနှင့် အစိုဓာတ်ကောင်းမွန်မှုကြောင့် ဝါပင်များအဆမတန်ကြီးထွားသည့် အခြေအနေမျိုးတွင် ပစ်မက်ပီကွတ်ကလိုရိုက် ခေါ် အပင်ကြီးထွားမှုထိန်းညှိဆေးကို စနစ်တကျပက်ဖျန်းပေးခြင်းဖြင့် အပင်အထက်သို့ ရှည်ထွက်မှုကိုရပ်တန့်စေကာ အာဟာရဓာတ်များကို ကိုင်းများနှင့်ဝါသီးများဆီသို့ လမ်းကြောင်းပြောင်းလဲပို့ပေးသည်။ ဤနည်းလမ်းသည် စိုက်ခင်းအကျယ်အဝန်းကြီးမားခြင်းသို့မဟုတ် လုပ်အားခကြီးမြင့်ခြင်းတို့ကြောင့် လက်ဖြင့် အညွှန့်ဖြတ်ရန်အချိန် လွတ်သွားသည့်အခြေအနေများအတွက် အကောင်းဆုံးကုစားမှုလုပ်ငန်းစဉ်ဖြစ်သည်။ ထို့ပြင် သီးနှံသက်တမ်းနောက်ဆုံးကာလ အရွက်ကြွေစေမည့်အချိန်တွင်လည်း အက်သီဖွန်ခေါ် အပင်ကြီးထွားမှုထိန်းညှိဆေးများကို တွဲဖက်အသုံးပြုခြင်းဖြင့် ဝါသီးများအားလုံးကို အချိန်တိုအတွင်း တစ်ပြိုင်နက်ညီညာစွာပွင့်အာလာစေရန် ကူညီပေးနိုင်သောကြောင့် အရည်အသွေးကောင်းမွန်သော ဝါဂွမ်းများကို အချိန်မီခူးဆွတ်နိုင်သည်။

အပင်ကြီးထွားမှုထိန်းညှိဆေး

အပင်ကြီးထွားမှုထိန်းညှိဆေး (PGR–Plant Growth Regulator)ဆိုသည်မှာ အပင်များ၏ သဘာဝဇီဝကမ္မဖြစ်စဉ်များကို ပြုပြင်ပြောင်းလဲရန်၊ ထိန်းချုပ်ရန် သို့မဟုတ် လှုံ့ဆော်ရန်အတွက် အသုံးပြုရသောဓာတုဒြပ်ပေါင်းများ သို့မဟုတ် သဘာဝအော်ဂဲနစ်ဒြပ်စင်များကို ဆိုလိုသည်။ ဤဆေးများသည် အပင်တစ်ရှူးများအတွင်းရှိ ဆဲလ်များပွားခြင်း၊ ရှည်ထွက်ခြင်းနှင့် ရင့်မှည့်ခြင်းစသည့်ဖြစ်စဉ်များကို သတ်မှတ်ချက်အတိုင်း ထိန်းညှိပေးနိုင်စွမ်းရှိသည်။

မက်ပီကွတ်ကလိုရိုက်(Mepiquat Chloride)

မက်ပီကွတ်ကလိုရိုက်ဆေးသည် အပင်အတွင်း ဂျစ်ဘရဲလင်ဟော်မုန်းထုတ်လုပ်မှုကို တားဆီးပေးသဖြင့် အဆစ်ကြားများရှည်ထွက်ခြင်းကို ကန့်သတ်ပေးကာ ဝါပင်၏အမြင့်နှင့် ကိုင်းဖြာမှုကို ထိန်းချုပ်ပေးပြီး အပင်ကို ပုပုကျစ်ကျစ်နှင့်သန်မာစေသည်။ မလိုအပ်ဘဲ အပင်ထောင်တက်မှုကို တားဆီးပေးခြင်းဖြင့် အရွက်များသိပ်သည်းမှုကို လျော့နည်းစေကာ စိုက်ခင်းအတွင်း နေရောင်ခြည်ဖြတ်သန်းမှုနှင့် လေဝင်လေထွက်ကို ကောင်းမွန်စေသည်။ အပင်၏ ထိပ်ဖျားပိုင်းကြီးထွားမှုအတွက် ကုန်ဆုံးမည့် အာဟာရဓာတ်များကို ဝါသီးများနှင့် အကိုင်းများဆီသို့ လမ်းကြောင်းလွှဲပေးသဖြင့် ဝါသီးအရွယ်အစားညီညာစေပြီး အထွက်နှုန်းတိုးစေသည်။

ဝါစိုက်ပျိုးပြီး ရက် ၇၀ မြောက်တွင် နောက်ကျမှ ပက်ဖျန်းခြင်းသည် ပန်းပွင့်ချိန်ကို လျင်မြန်စေကာ ပွင့်အာသောဝါသီးအရေအတွက်ကို ၆၀ ရာခိုင်နှုန်းခန့်နှင့် ဝါသီးတစ်လုံးချင်းစီ၏ အလေးချိန်ကို ၃၂ ရာခိုင်နှုန်းထိ တိုးတက်လာစေပြီး ဝါဂွမ်းအထွက်နှုန်းကို ၂၇ ရာခိုင်နှုန်းထိ ပိုမိုမြင့်မားလာစေသည်။ ထို့ပြင် ချည်မျှင်ညီညာမှုကို ကောင်းမွန်စေသည့်အပြင် ချည်မျှင်နူးညံ့ချောမွေ့မှုနှင့် ချည်မျှင်တုတ်မှုကို ၂၇ ရာခိုင်နှုန်းထိ ပိုမိုကောင်းမွန်စေကြောင်း တွေ့ရှိရသည်။

ဝါပင်သက်တမ်းတစ်လျှောက် အပင်၏ကြီးထွားမှုအခြေအနေအပေါ်မူတည်၍ ဖျန်းပေးရမည်။ ဝါပင်သက်တမ်း ၄၅ ရက်ခန့် အဖူးအပွင့်စတင်ဖြစ်ပေါ်ချိန်တွင် သဘာဝထက်ပိုမိုရှည်ထွက်မည့် အဆစ်ကြားများကို စတင်ထိန်းချုပ်ရန် ပက်ဖျန်းရမည်။ ဝါပင်သက်တမ်း ရက် ၆၀ ခန့် ပန်းပွင့်ချိန်တွင် ကိုင်းပွားများ အလွန်အမင်းသိပ်သည်းမသွားစေရန်နှင့် အဖူးအပွင့်များဆီသို့ အာဟာရဓာတ်ပိုမိုရောက်ရှိစေရန် ထပ်မံပက်ဖျန်းပေးရသည်။ အရွက်နှင့်ပင်စည်များ အလွန်အမင်းသန်စွမ်းလွန်းသည့်စိုက်ခင်းများတွင် ဝါသီးသည့်အချိန်တွင် အပြီးသတ်ပက်ဖျန်းပေးရမည်။ ဤဆေးကိုအသုံးပြုရာတွင် အပင်၏သန်စွမ်းမှု၊ မြေဆီလွှာအစိုဓာတ်နှင့် ရာသီဥတုအခြေအနေတို့ကို သေချာစွာတွက်ချက်ပြီး ညွှန်ကြားထားသည့် နှုန်းထားအတိုင်းသာ သုံးစွဲရန်လိုအပ်သည်။

အက်သီဖွန်(Ethephon)

အက်သီဖွန်သည် အပင်အတွင်းရောက်ရှိသွားသောအခါ အီသိုင်လင်းဓာတ်ငွေ့အဖြစ် ပြောင်းလဲသွားပြီး ဝါသီးများရင့်မှည့်မှုကို တစ်ပြိုင်နက်တည်းဖြစ်စေရန် လှုံ့ဆော်ပေးသည့် အပင်ရင့်မှည့်မှုမြှင့်တင်ဆေးသို့မဟုတ်အသီးရင့်မှည့်စေသောဆေးဖြစ်သည်။ ဝါသီးရင့်မှည့်မှုဖြစ်စဉ်ကိုမြန်ဆန်စေပြီး စိုက်ခင်းတစ်ခုလုံးရှိ ဝါသီးများကို တစ်ချိန်တည်းပြိုင်တူကွဲအက်ပွင့်အာလာစေရန် တွန်းအားပေးသည်။ စိုက်ခင်းတစ်ခုလုံးရှိ ဝါသီးများ၏ ၆၀ ရာခိုင်နှုန်းခန့် သဘာဝအတိုင်း ရင့်မှည့်ကွဲအက်ပွင့်အာနေသည့် အချိန်သည် ပက်ဖျန်းရန်အကောင်းဆုံးကာလဖြစ်သည်။ ကျန်ရှိနေသောဝါသီးနုများကို လျင်မြန်စွာ ရင့်မှည့်လာစေရန်နှင့် ခွံဖတ်များကွဲအက်လာစေရန် လှုံ့ဆော်ပေးသည်။ ဤနည်းလမ်းဖြင့် ဝါခင်းတစ်ခုလုံးရှိဝါများကို တစ်ကြိမ်သို့မဟုတ် နှစ်ကြိမ်တည်းဖြင့် အပြီးသတ်ခူးဆွတ်နိုင်မည်ဖြစ်သဖြင့် လုပ်အားခကို သိသိသာသာလျော့ချပေးနိုင်သည့်အပြင် မိုးမကျမီ ဝါများကို အချိန်မီသိမ်းဆည်းနိုင်သဖြင့် ချည်မျှင်အရည်အသွေးပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်သည်။

နက်ဖ်သလင်းအဆင်းတစ်အက်စစ်(Naphthalene Acetic Acid – NAA)

အောက်ဆင်အုပ်စုဝင် ဒြပ်ပေါင်းတစ်ခုဖြစ်ပြီး အပင်၏ ဆဲလ်ပွားခြင်းနှင့် အင်္ဂါအစိတ်အပိုင်းများတည်ဆောက်ခြင်းကိုတိုးတက်စေသည့် အပင်ကြီးထွားမှုလှုံ့ဆော်ဆေးဖြစ်သည်။ ဝါပင်များတွင်အဖြစ်များသည့် ရာသီဥတုဖောက်ပြန်မှုကြောင့် အဖူးအပွင့်များနှင့်ဝါသီးနုများကြွေကျခြင်းကို သိသိသာသာလျော့နည်းစေသည်။ တစ်ပြိုင်နက်တည်းမှာပင် အပင်၏သီးပွင့်နိုင်စွမ်းကိုလှုံ့ဆော်ပေးပြီး ရရှိလာသည့်ဝါသီးများကို အပင်တွင် မြဲမြံစွာတွယ်ကပ်နေစေရန် ကူညီပေးသည်။ ဝါပင်များ ပန်းပွင့်စပြုချိန်နှင့် ဝါစတင်သီးသည့်ကာလများတွင် အချိန်ကိုက် ပက်ဖျန်းပေးရမည်။ ဝါပင်သက်တမ်း ရက် ၅၀ မှ ၇၀ အတွင်း ပန်းပွင့်နှုန်းအမြင့်ဆုံးကာလတွင် ပက်ဖျန်းပေးခြင်းဖြင့် ရာသီဥတုဖောက်ပြန်မှု သို့မဟုတ် အာဟာရချို့တဲ့မှုကြောင့်ဖြစ်တတ်သော အဖူးအပွင့်ကြွေခြင်းကို ထိရောက်စွာတားဆီးပေးနိုင်သည်။ ဤဆေးသည် အပင်၏တစ်ရှူးများအတွင်း ဆဲလ်တည်ဆောက်မှုကိုခိုင်မာစေသဖြင့် အပင်တွင် ဝါသီးနုများ မြဲမြံစေပြီး အသီးရင့်နှုန်းကို မြင့်မားလာစေသည်။ သို့သော် သတ်မှတ်ထားသောပမာဏထက် ကျော်လွန်သုံးစွဲပါက အပင်ကို ထိခိုက်စေနိုင်သော ကြောင့် အဆမတန်အသုံးပြုခြင်းကို အထူးရှောင်ကြဉ်ရမည်။

အကျိုးကျေးဇူးများ

ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် အပင်ကြီးထွားမှုထိန်းညှိဆေးများကို စနစ်တကျအသုံးပြုခြင်းသည် စိုက်ခင်းစီမံခန့်ခွဲမှုကို လွယ်ကူစေရုံသာမက ဝါအထွက်နှုန်းနှင့် အရည်အသွေးကို သိသိသာသာမြှင့်တင်ပေးနိုင်သည်။ ကမ္ဘာ့ဝါထုတ်လုပ်မှုအမြင့်ဆုံးနိုင်ငံများနှင့် တက္ကသိုလ်များ၏ လေ့လာဆန်းစစ်ချက်များအရ PGR နည်းပညာသုံးစွဲခြင်းကြောင့် အကျိုးကျေးဇူးများစွာရှိသည်။

ဝါစိုက်တောင်သူများ မိမိတို့၏ဝါခင်း ကြီးထွားနေသည်ကိုမြင်တွေ့ရလျှင် တောင်သူများ စိတ်ရွှင်လန်းဝမ်းမြောက်တတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့သော်လည်း စိုက်ပျိုးရေးဇီဝကမ္မဗေဒရှုထောင့်မှကြည့်လျှင် အပင်များ အလွန်အမင်းကြီးထွားနေခြင်းသည် အမှန်တကယ်ပျော်ရွှင်စရာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အပင်ပိုင်းကြီးထွားမှု သိသိသာသာလွန်ကဲပြီး ဝါသီးမသီးဘဲ အပင်အုပ်ဆိုင်းနေပါက ဝါစိုက်ပျိုးခြင်း၏ပန်းတိုင်ဖြစ်သော ဝါအထွက်နှုန်းကို ပြည့်ဝစွာရရှိနိုင်မည်မဟုတ်သောကြောင့်ဖြစ်သည်။ ရလဒ်အနေဖြင့် အပင်သာကြီးထွားပြီး ဝါအထွက်ကောင်းကောင်း မရရှိသည့်အတွက် တောင်သူများမျှော်မှန်းသည့် စီးပွားရေးအကျိုးအမြတ်ရရှိရန်မဖြစ်နိုင်ပေ။

ဝါစိုက်ပျိုးခြင်းလုပ်ငန်းမှ ရေရှည်တည်တံ့သော စီးပွားရေးအကျိုးအမြတ်များ သေချာပေါက်ရရှိနိုင်ရန် အပင်၏ မလိုအပ်သောကြီးထွားမှုကို စနစ်တကျထိန်းချုပ်ကာ အာဟာရဓာတ်များကို ဝါများများသီးရန်နှင့် ဝါအရည်အသွေးကောင်းမွန်ရန်အတွက် လမ်းကြောင်းပြောင်းလဲပေးရမည်။ ထို့ကြောင့် ဝါစိုက်တောင်သူများအနေဖြင့် ဝါပင်ပုံသွင်းခြင်းနှင့် အပင်ကြီးထွားမှုထိန်းညှိခြင်းဆိုင်ရာ PGR နည်းပညာများကို မဖြစ်မနေလေ့လာသိရှိထားကြရန်နှင့် လက်တွေ့ကျကျလိုက်နာဆောင်ရွက်ကြရန် အထူးလိုအပ်သည်။ ထိုသို့ သိပ္ပံနည်းကျပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်နှင့် လုပ်အားခများကို လျော့ချနိုင်မည့်အပြင် အရည်အသွေးမြင့်ဝါအထွက်နှုန်းမြင့်မားပြီး စီးပွားရေးအကျိုးအမြတ်များဖြင့် လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား

- စိုက်ပျိုးရေးဦးစီးဌာနမှထုတ်ဝေသော အပင်ဟော်မုန်းများစာစောင်(၂၀၂၆)

❖ ဝါစိုက်ပျိုးခြင်းလုပ်ငန်းမှ ရေရှည်တည်တံ့သော စီးပွားရေးအကျိုးအမြတ်များသေချာပေါက်ရရှိနိုင်ရန် အပင်၏ မလိုအပ်သောကြီးထွားမှုကို စနစ်တကျထိန်းချုပ်ကာ အာဟာရဓာတ်များကို ဝါများများသီးရန်နှင့် ဝါအရည်အသွေးကောင်းမွန်ရန်အတွက် လမ်းကြောင်းပြောင်းလဲပေးရမည်။ ထို့ကြောင့် ဝါစိုက်တောင်သူများအနေဖြင့် ဝါပင်ပုံသွင်းခြင်းနှင့် အပင်ကြီးထွားမှုထိန်းညှိခြင်းဆိုင်ရာ PGR နည်းပညာများကို မဖြစ်မနေလေ့လာသိရှိထားကြရန်နှင့် လက်တွေ့ကျကျလိုက်နာဆောင်ရွက်ကြရန် အထူးလိုအပ်သည်။ ❖

ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ကျတ္ထိယတို့မည်သည် ရုပ်သံဇာတ်လမ်းတွဲကို SHWE NADI App မှ ထုတ်လွှင့်ပြသမည်ဖြစ်



ရန်ကုန် နိုဝင်ဘာ ၁၂

ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ကျတ္ထိယတို့မည်သည် ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၂၃ ရက်မှစတင်ကာ SHWE NADI Appမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ မောရဏီထံမှ သိရသည်။

ကျတ္ထိယတို့မည်သည် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ခင်သဇင်က ရေးသားထားပြီး ဖြိုးသဥ္ဇာကျော်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာမောရဏီက ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"အချစ်ဆိုတာ ချိုမြိန်ခြင်းပဲ။ အဲဒီချိုမြိန်တဲ့ချစ်ခြင်းကိုပဲ ငါတို့နှစ်ယောက် ရူးရူးမိုက်မိုက် ကိုးကွယ်နေကြတာဆိုတဲ့ သူငယ်ချင်းနှစ်ယောက်။ တစ်ယောက်က အိပ်မက်တွေအတွက် ကြိုးစားနေသူ၊ တစ်ယောက်က ကိုယ့်ဘဝကိုယ် တည်ဆောက်နေသူ။ ဒီနှစ်ယောက် အချစ်ကြောင့် ကြုံရမဲ့ရယ်စရာ အဖြစ်အပျက်တွေ၊ စိတ်မောစရာ ပြဿနာတွေနဲ့ မထင်မှတ်ထားတဲ့ အလှည့်အပြောင်းတွေက ဘယ်လို တွေဖြစ်လာမလဲ။ ရယ်လဲရယ်ရ မယ်။ ရင်လဲခုန်ရမယ်။ တစ်ခါတလေ ရင်ထဲထိစေမဲ့ ကျတ္ထိယတို့မည်သည် ဒရာမာဟာသရုပ်သံဇာတ်လမ်းတွဲကို SHWE NADI App မှာ ပြသမှာမို့ အားပေးကြည့်ရှုကြပါအုံး"ဟု ဒါရိုက်တာ မောရဏီက ပြောပြသည်။

ကျတ္ထိယတို့မည်သည် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စိုင်းစည်တွမ်ခမ်း၊ အေးချမ်းမောင်၊ စိုင်းကောင်းမင်းထက်၊ ဟင်နရီစံ၊ ပြည့်ဖြိုးစံ၊ ပိုင်အိမ်ခ၊ ဝေယံမျိုးသန့်၊ စိုင်းဘုန်းမင်းသန့်၊ မေမီကိုကို၊ ခင်သဇင်၊ ဆုထက်နှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

Last Friday ဇာတ်ကားကို ဒါရိုက်တာ လောရင့်လားမွန် ရိုက်ကူးမည်

နယူးယောက် နိုဝင်ဘာ ၁၂

New Line ရုပ်ရှင်ကုမ္ပဏီ၏ Last Friday အမည်ရှိ ဟာသဇာတ်ကားကို ဒါရိုက်တာ လောရင့်လားမွန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

Last Friday ဇာတ်ကားသည် New Line ကုမ္ပဏီအတွက် ၂၅ နှစ်တာကာလအတွင်း ပထမဆုံး ဟာသရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Last Friday ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသား အိုက်ကျူက ရေးသားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Last Friday ဇာတ်ကားတွင် အိုက်ကျူသည် အဓိကသရုပ်ဆောင်တစ်ဦးအဖြစ်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

New Line ကုမ္ပဏီသည် ၁၉၉၅ ခုနှစ်ကလည်း First Friday အမည်ရှိ ဟာသဇာတ်ကားကို ရိုက်ကူး ထုတ်လုပ်ခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



တေးသံရှင် ဇော်ဝင်းထွဋ်၏ ဆေးပေါင်းခတဲ့ည တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်



ရန်ကုန် နိုဝင်ဘာ ၁၂

တေးသံရှင် ဇော်ဝင်းထွဋ်၏ ဆေးပေါင်းခတဲ့ည တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၄ ရက် (တနင်္ဆောင်မုန်း လပြည့်နေ့) တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဇော်ဝင်းထွဋ်က ပြောပြ၍ သိရသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၏ ဆေးပေါင်းခတဲ့ည တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဇော်ဝင်းထွဋ်၏ သီဆိုဖျော်ဖြေမှုများကို Emperor Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမည်ဖြစ်ပြီး တေးသံရှင် ဇော်ဝင်းထွဋ်က ပရိသတ်အကြိုက် အကောင်းဆုံး ရေွးခဲတေးသီချင်းများကို သီဆိုဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဆေးပေါင်းခတဲ့ည တေးဂီတဖျော်ဖြေပွဲကို တနင်္ဆောင်မုန်း လပြည့်နေ့ညမှာ နှစ်စဉ်နီးပါး ကျင်းပလေ့ရှိပါတယ်။ အခု တနင်္ဆောင်မုန်း လပြည့်နေ့ည မှာလဲ ဆေးပေါင်းခတဲ့ည တေးဂီတဖျော်ဖြေပွဲကို အင်းလျားလိတ်ဟိုတယ်မှာ ပြုလုပ်မှာပါ။ ကျွန်တော်နဲ့အတူ ရေွးခဲဂီတ တေးသံရှင် ညီအစ်ကိုတချို့လဲ အားဖြည့်ပေးမှာ ဖြစ်ပါတယ်"ဟု တေးသံရှင် ဇော်ဝင်းထွဋ်က ပြောပြ၍ သိရသည်။

ASH

Avenger:Doomsday ဇာတ်ကား၏ ကမ္ဘာတစ်ဝန်း ကြိုတင်လက်မှတ်ရောင်းအား ကန်ဒေါလာ ၁၂၅ သန်းကျော်ထိရှိ

နယူးယောက် နိုဝင်ဘာ ၁၂

Avenger:Doomsday ဇာတ်ကား၏ ကမ္ဘာတစ်ဝန်း ကြိုတင်လက်မှတ်ရောင်းအားသည် အမေရိကန်ဒေါ်လာ ၁၂၅ သန်းကျော်ထိရှိလာပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ရုပ်ရှင်ဈေးကွက် တစ်နေ့တည်းမှာပင် Avenger:Doomsday ဇာတ်ကား၏ လက်မှတ်ရောင်းအားမှာ အမေရိကန်ဒေါ်လာ ဖြ၅ သန်းထိရှိခဲ့ကြောင်း သိရသည်။

ရုံတင်ပြသရန် တစ်လကျော် အလိုတွင် Avenger:Doomsday ဇာတ်ကား၏ ကြိုတင်လက်မှတ်ရောင်းအားမှာ အမေရိကန်ဒေါ်လာ ၁၂၅ သန်းကျော်ထိရှိလာခြင်းဖြစ်သည်။

Avenger : Doomsday ဇာတ်ကား၏ ကြိုတင်လက်မှတ်ရောင်းအားမှာ Spider-Man : Brand New Day ၏ ကြိုတင်လက်မှတ်ရောင်းအားကိုပင် ကျော်လွန်သွားနိုင်ဖွယ်ရှိသည်။

Spider-Man: Brand New Day ၏ရုံမတင်မီကာလ ကြိုတင်လက်မှတ်ရောင်းအားမှာ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ထိရှိခဲ့ကြောင်း သိရသည်။

Avenger : Doomsday ဇာတ်ကားကို ဒီဇင်ဘာ ၁၈ ရက်တွင် စတင်ရုံတင်ပြသရန် မာဗယ် စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ခါးရုပ်ရှင်ဇာတ်ကားကို နိုင်ငံတစ်ဝန်းရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်

ရန်ကုန် နိုဝင်ဘာ ၁၂

ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ခါး ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၂၀ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က ပြောပြ၍ သိရသည်။

ခါးရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို လရောင်ဖြာက ရေးသားထားပြီး သက်ဦးမောင်၊ 7 Day တို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က ကြည်နူးစေရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"အချစ်ဆိုတဲ့ နာမည်အောက်မှာဖြစ်ပေါ်လာတဲ့ အလွန်အကျွံပိုင်ဆိုင်လိုစိတ်၊ သံသယနဲ့အကြမ်းဖက်မှုတွေကြောင့် အဆိပ်သင့်လာတဲ့ဆက်ဆံရေးတစ်ခုမှာ ပိတ်မိနေခဲ့ရတဲ့ မျက်ရည်ခံမဲ့ရှိသူ အမျိုးသမီးတစ်ယောက်ရဲ့ ခါးသီးလွန်းတဲ့အချစ်ရေးနဲ့ ကံကြမ္မာအလှည့်အပြောင်းတွေက ဘယ်လိုဖြစ်သွားမလဲ။ ချစ်သူစုံတွဲတွေနဲ့ အိမ်ထောင်သည်တွေအတွက် အချစ်၊ ယုံကြည်မှုနဲ့ ပိုင်ဆိုင်လိုစိတ်တို့အကြောင်းကို ပြန်လည်တွေးဆစေမဲ့ ရုပ်ရှင်ဇာတ်ကား တစ်ကား ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က ပြောပြသည်။

ခါး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အေးချမ်းမောင်၊ ညီထွဋ်ခေါင်၊ နေမျိုးအောင်၊ မင်းသူ၊ ဇင်မျိုး၊ သက်ဦးကို၊ ကောင်းဟိန်း၊ မင်းလူနတ်၊ ပိုးမမှိသာ၊ မျိုးသန္ဓာထွန်း၊ မိုခမ်း၊ တင်ဇာဝင်းပြည့်၊ သရဖီမောင်၊ ဂလိုရိန္နင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

President of the Republic of the Union of Myanmar U Min Aung Hlaing receives delegation led by Deputy Prime Minister and Minister of Foreign Affairs of Thailand



President U Min Aung Hlaing receives Mr. Sihasak Phuangketkeow, Deputy Prime Minister and Minister of Foreign Affairs of Thailand.

Nay Pyi Taw November 12

President of the Republic of the Union of Myanmar U Min Aung Hlaing received H.E. Mr. Sihasak Phuangketkeow, Deputy Prime Minister and Minister of Foreign Affairs of Thailand, and his delegation at a courtesy call paid by them at the Reception Hall of the President in Nay Pyi Taw this afternoon.

Present at the call together with the President were union ministers U Khin Maung Yi, Lt-Gen Yar Pyae, U Tin Maung Swe, and U Aung Kyaw Hoe, Lt-Gen Than Htaik from the Office of the Commander-in-Chief (Army) and officials. The Thai Deputy Prime Minister was accompanied by Thai Ambassador to Myanmar H.E. Mr. Tor Saralamba, Advisor to the Minister of Foreign Affairs of Thailand H.E. Mr. Kallayana Vipattipumiprates and members of the delegation.

At the call, cordial talks were centered on the improving friendship and cooperation between Myanmar and Thailand, which are neighbours and close friends, the assumption of State duties by the elected government in Myanmar, maintenance of its positive and beneficial cooperation with the ASEAN, deepening of its interconnections with every ASEAN country based on the existing friendly relations, the mutual importance of Myanmar and ASEAN, Myanmar government's cooperation with its neighbors and effective action in eliminating online scam and gambling business that is harming the socioeconomic lives of the peoples of Myanmar and Thailand and other global countries as a national task, cooperation between two good neighbors, Myanmar and Thailand, conserving natural environment and preventing floods and pollution along the natural water courses in the common border, enhancement of cooperation to ensure peace and stability in borer areas and to further promote border trade, deepening of energy cooperation, assistance Thailand will provide for Myanmar's internal peace process, and cooperation between the two countries to ensure safety, full labour rights, and protection according to the laws of Myanmar and Thailand for Myanmar migrant workers in Thailand.

After the call, the President and the Thai Prime Minister posed for documentary photos together with attendees.

MNA

Vice President Daw Nan Ni Ni Aye delivers speech at Steering Committee for National Strategic Plan for the Advancement of Women (NSPAW) (2023-2032)

Nay Pyi Taw November 12

The meeting of the Steering Committee for the National Strategic Plan for the Advancement of Women (NSPAW) (2023-2032) was held this morning at the Kumudra Hall of Hotel Max in Nay Pyi Taw. Vice President of the Republic of the Union of Myanmar and Chairperson of the Steering Committee, Daw Nan Ni Ni Aye, attended the meeting and delivered an opening address.

Also present at the meeting were Steering Committee Vice Chairperson Union Minister for Women's Affairs Dr Thet Thet Zin, Steering Committee member deputy ministers, the member of the Myanmar National Human Rights Committee, chairs and officials from women's organizations, departmental heads who serve as chairs of working committees, and officials.

At the meeting, the Vice President delivered a speech, saying that the meeting was the first Steering Committee meeting held during the 2026-2027 financial year since the establishment of the Ministry of Women's Affairs. It marked an important starting point for the collective and coordinated implementation of the National Strategic Plan for the Advancement of Women. She also emphasized the need to hold open discussions and consultations on the responsibilities of the Steering Committee, the tasks to be undertaken by the respective working committees, priority programmes, and mechanisms for cooperation among relevant departments and organizations, and to establish practical future action plans for implementation.

She stated that the NSPAW was an important policy and operational guideline aimed at systematically promoting women's rights, opportunities and social development across various sectors. Therefore, she stressed that its implementation should be based on ensuring equal opportunities for women, reducing and eliminating discrimination, ensuring their safety and security, improving access to quality services, and promoting their participation in decision-making processes.

The Vice President further stressed the need to prioritize five key areas in implementing the National Strategic Plan. First, coordination and cooperation between the departments responsible for the 12 areas of work and their partner organizations should be further strengthened. Second, priority activities should be identified and implemented in urban, rural and specific regional areas based on women's actual needs. Third, the human resources, technological and financial support required for implementation should be systematically coordinated and utilized with a focus on achieving results. Fourth, women and girls should be recognized as active participants in their own development and encouraged and empowered to take an active role in development activities. Fifth, implementation results should be regularly monitored and evaluated, with necessary adjustments and improvements made in a timely manner based on the findings.



Vice President Daw Nan Ni Ni Aye delivers a speech at the Steering Committee for National Strategic Plan for the Advancement of Women (NSPAW) (2023-2032).

She urged all relevant officials to work together in a responsible and accountable manner, in accordance with their respective roles, to translate the objectives of the National Strategic Plan into tangible results, expand life opportunities for women and girls, and enable them to fully develop and utilize their knowledge, skills and capabilities.

Vice Chairperson of the Steering Committee Union Minister for Women's Affairs Dr Thet Thet Zin reported on the accomplishment over the decision of the meeting to review the implementation of the NSPAW held on 21 February 2026.

Meeting participants discussed challenges, advantages, disadvantages and recommendations in implementing the 12 areas of the plan in relevant financial years, and enhancement of the role of women in the socioeconomic well-being development process of the State and the future plans to ensure socioeconomic wellbring of women. Secretary of the Steering Committee Deputy Minister for Women's Affairs Dr Nay Thwe Kyi reported on the decisions of the steering committee meeting.

The Vice-President made additional remarks on the presentations, coordinated and addressed the necessary matters, and delivered the concluding remarks.

MNA

Crackdown in cooperation with the public to ensure border-based online scam centres targeting Chinese nationals cannot continue to operate



Social networking and chat applications used by online financial scammers to search for targets.



Chinese Resident Identity Card to be used by the scammers.



Depiction of enticing victims to play on the 1068.com online gambling website.



Photos of gold bars prepared for use in scams.



Photos of Chinese Yuan currency prepared for use in scams.



Group photo staged to show that others are also using the financial investment application operated by the scammers.

Nay Pyi Taw November 12

Because online scam and gambling operations are not merely ordinary financial crimes, but a global issue intertwined with technology, information, the economy, security, and international relations, the Government has taken on the combatting of online scam and gambling activities as a national duty. It is actively and decisively cracking down on these operations in cooperation with domestic forces as well as neighboring countries.

As the Government has effectively and decisively carried out operations against online scams and gambling, numerous foreign nationals who entered Myanmar—either legally or by illegally crossing the border—to commit online scam and gambling offenses have been arrested across various border areas in Shan State, along with the equipment they used. It has been found that Chinese nationals make up the majority of these apprehended foreigners.

Between August 1 and October 31, 2026, out of the 759 foreign nationals arrested in Shan State for operating online scam and gambling businesses, 502 were Chinese citizens. According to interrogations and findings from confiscated computers and phones, they primarily target their fellow Chinese citizens. Utilizing the internet, social networks, and digital communication technologies, they carry out financial scams by exploiting individuals' trust, emotions, and hopes for financial gain. In doing so, they typically use social networking and chat applications primarily used by Chinese nationals, such as Safe W, QQ, Yuanbao, Dou Yu, Feishu, Safe X, WeChat, Litmatch, and Telegram.

Investigations into those arrested revealed that regarding target selection and trust-building, they primarily seek out and target individuals with limited general awareness, weak technological literacy, and greed. After selecting targets, they categorize them based on age, hobbies, and occupation to determine the best approach and scamming method, striving to gain the victims' trust and build an intimate relationship. They design fake personas based on the target's social status, occupation, hobbies, and interests, impersonating high-ranking military or police officials, authorized government employees, wealthy company owners and businesspeople, educated professionals, tech experts, or physically attractive individuals. Depending on the fraudulent character they intend to play, they prepare realistic photos, supporting documents, and lifestyle portrayals in advance.

Next, they gradually build friendliness and trust by sharing stories and experiences related to their fabricated character's workplace. At the same time, they ask about the target's hobbies, interests, and life story to better understand them, pretending to be kindred spirits in order to establish intimacy and trust.

Regarding their scamming tactics, once trust is established with the targets, they adapt their methods based on the victim's age, social status, emotional state, and desires. If the target is young, the scammers approach them by posing as an attractive member of the opposite sex, whereas if the target is older, they impersonate a civil servant or businessperson to command respect and gain trust. For younger targets, they maintain daily contact and use caring, affectionate language until a romantic-style relationship is formed. They then ask for financial help citing excuses such as family emergencies, health issues, or business difficulties, with some going so far as to promise future marriage to solicit additional funds. Once they receive the money, they either cut off contact, delete their accounts, or demand more money using new excuses.

When scamming individuals driven by greed, they entice them by claiming to have thriving businesses and investment opportunities that guarantee high returns, while also using fake evidence, forged records, and fraudulent online pages to make it appear that others are investing and profiting. Once a target shows interest, the scammers urge them to invest in self-created financial investment applications and stock trading platforms, sending group photos to convince the victim that many others have already invested. To earn further respect and create the illusion of a genuinely profitable, socially beneficial enterprise, they even stage photos showing relief supplies being donated using profits from the business. Investigations found that while they initially pay out small returns to deepen the victim's trust, once the number of investors grows, they shut down the applications, refuse to allow withdrawals of invested funds, and attempt to conceal the financial trail.

Furthermore, **scammers frequently employ fraudulent methods involving lucky draws and cash prizes as incentives**, using short messages (SMS), emails, and social media or communication applications such as Viber and Telegram to send out fake website links. To gain the trust and interest of targeted individuals, they send suspicious website links under the guise of winning gifts and cash prizes. In doing so, some fraudsters mimic the names, logos, and website layouts of banks, financial service providers, government departments, and well-known companies to deceive victims into believing they are official websites.

Regarding **online fraud targeting individuals inclined towards online gambling**, perpetrators advertise online gambling and gaming platforms via social media, providing incentives by claiming high winning probabilities and substantial profits upon depositing funds. Additionally, some fraudulent platforms create simulated winning game results, account balances, and profits to display to users, thereby building false confidence.

In job opportunity scams, perpetrators lure victims with attractive advertisements promising work-from-home arrangements, part-time jobs with high income, and high salaries requiring no special skills or experience. They then defraud victims by demanding advance payments for registration fees, deposits, training fees, and service charges, promising that wages and profits will be disbursed upon completion of tasks. In some cases, to make the scam appear authentic, they even request and utilize personal data, national registration card details, and bank account information for the jobs.

Moreover, advanced **AI** technologies are increasingly being exploited as assisting tools in recent times. Specifically, utilizing **Deepfake** technology—which can fabricate human facial images and voices—scammers misuse the names, likenesses, and voices of prominent figures, business leaders, and government officials to advertise investment schemes as trustworthy programs. They also create fake websites mimicking the official layouts and designs of news agencies' websites, publishing fake interviews, fabricated news articles, and deceptive investment advertisements to mislead

See Page 14



Documentary photos of photo evidence matching the fraudulent personas, collected in advance for use by the scammers.



Depiction of sharing workplace details of a prefabricated persona to impress and gain the respect of the target.



Depiction of scamming by sending fake links under the guise of a special lucky draw program.

From Page 13

the public into believing that these prominent figures genuinely endorse the investment schemes.

It has been found that these online financial fraud operations are primarily based in lawless border areas controlled by insurgent groups. In addition to being crimes that threaten national security, online fraud activities are classified as mass-victimization crimes that result in severe negative consequences. Investigations have also revealed that fraudsters typically employ a combination of deceptive methods tailored to their targets' low educational qualifications, lack of awareness, technological unfamiliarity, and greed for profit.

It has been found that the majority of those committing online fraud and gambling offenses in Myanmar illegally entered the country via border routes after transiting through neighboring countries, including Thailand, and severely committed various other crimes in addition to online fraud. Those involved in these online fraud and gambling activities are individuals from various nations who were trafficked into the operations after being lured by various incentives through social media for employment, as well as fugitives fleeing from criminal offenses. It is reported that they previously operated in certain Southeast Asian countries and only entered the Shan State border areas, where joint armed terrorist groups are based, illegally via neighboring countries using various unlawful means following conflicts in those neighboring nations. It has also been observed that these terrorist groups have provided land and protection to these syndicates to operate, disregarding the severe harm caused to the country and the region.

Furthermore, because these operations operate across borders utilizing international financial flows and digital technologies, they not only cause financial losses for victims but also give rise to related crimes such as money laundering and human trafficking. In particular, there have been instances where individuals from various countries are lured to these scam centers under the false pretense of lucrative job opportunities and are subsequently coerced into participating in online fraud. Consequently, online fraud is no longer merely a domestic criminal issue for a single nation, but has emerged as a transnational crime threatening the economic, social, and security sectors of the international community, requiring concerted efforts to address and combat it.

Therefore, as the Government of Myanmar is taking effective and decisive action to arrest and prosecute those committing online fraud and gambling offenses, which destroy the socio-economic lives of all humanity, members of the public are urged to cooperate in these eradication efforts by reporting any knowledge of such operations to the relevant authorities. Additionally, the public is advised to verify information received online, avoid suspicious links, and securely safeguard personal credentials such as passwords and OTPs. It is also reported that combined departmental teams, including security forces, will continue to intensify necessary investigations and crackdowns in collaboration with the public. 100

Demolition of 11 buildings used in online scam/gambling in Shwe Kokko Part-II completes as remaining one underway for dismantling

Systematic continued demolition of a five-story building used for online gambling operations in Part-II of the Shwe Kokko area.



Demolition using heavy machinery.



Completion of the demolition.

Nay Pyi Taw November 12

As the government has joint teams systematically and completely dismantled buildings in Shwe Kokko, where most online scams and gambling were operated, so that they cannot be used again for such crimes, systematic demolition of 11 illegal buildings in Shwe Kokko (Part-II) has completed until today.

Since the dismantling of a 5-storey illegal building under mechanical in Shwe Kokko (Part-II) completed today, a total of 11 illegal buildings have been knocked down while the dismantling of a 6-storey building under mechanical demolition completed up to 40 percent so far.

A total of 63 buildings used in online scams and gambling and left for destruction in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and dismantling manually floor by floor due to their proximity to residences and systematic demolition works were carried out. The dismantling of 11 buildings including four scheduled for detonation and seven for mechanical demolition completed and plans are underway to systematically demolish the remaining 52 illegal buildings.

The government has continued to coordinate with domestic forces as well as neighboring governments to completely prevent online scam and gambling operations from taking root in Myanmar as a national responsibility.100

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ပင်လည်ဘူးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



ကောလင်း နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ပင်လည်ဘူးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပင်လည်ဘူးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၁၃၅၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်း ပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပင်လည်ဘူးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၃၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ပင်လည်ဘူးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။

(၂၀၆)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

ကြိုပင်ကောက်မြို့နယ် ရွာသစ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှု စစ်ဆေး



ကြိုပင်ကောက် နိုဝင်ဘာ ၁၂

အဆိုပါ ရွာသစ်ကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည် ၅၈ ပေ၊ အကျယ် နှစ်ပေခြောက်လက်မ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၆ ဒသမ ၃ သိန်း၊ စုစုပေါင်းငွေကျပ် ၁၈၆ ဒသမ ၃ သိန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလစတုတ္ထ ပတ်မှ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း ကြိုပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်ထံမှ သိရသည်။

သန်းလွင်(မကွေး)

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရံ့ခြောက်ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရံ့ခြောက် ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးရံ့ခြောက် ပိသာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးရံ့ခြောက် ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့အောက်တိုဘာလက ရန်ကုန်ဈေးကွက်ကို ငါးရံ့ခြောက် ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်



ဈေးကွက်က ငါးရံ့ခြောက်တွေကို မှာယူမှုများလာလို့ တင်ပို့အားကောင်းလာတာပါ။ အခုလို ငါးရံ့ခြောက်တွေ မှာယူမှုများလာတာကြောင့် ငါးရံ့ခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးရံ့ခြောက်များသည် တစ်ပိသာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသမှ ငါးရံ့ခြောက်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးရံ့ခြောက်လုပ်ကိုင်သူများ၊ ရေလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် နိုဝင်ဘာ ၁၂

နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာစုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက သာယာစုကျေးရွာ၌ နွားမွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ RBF စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါ သာယာစုကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် နွားမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်မည့် သုခမိန်အဖွဲ့၊ တစ်ကောင်ဘွားအဖွဲ့၊ ထိုက်သူစံအဖွဲ့နှင့် တိုးတက်အောင်အဖွဲ့ စုစုပေါင်း အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၇၅ သိန်းစီ စုစုပေါင်း RBF စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။

မောင်ခိုင်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံအစည်းအဝေး ကျင်းပ





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❑ ရွှေဖုံးမှအဆက်

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H. E. Mr. Kallayana Vipattipumiprates နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ရွေးကောက်ခံအစိုးရက နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိပြီး အာဆီယံနှင့် ပတ်သက်၍အပြုသဘောဆောင်ပြီး အကျိုးရှိသည့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကာ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့အတွက် အရေးကြီးသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း အာဆီယံအဖွဲ့သည် အရေးကြီးသည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံနှင့် နိုင်ငံတကာရှိပြည်သူများ၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးစေလျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်များသည် နှစ်နိုင်ငံဆက်ဆံရေးတွင် တိုးတက်မှုများဖြစ်ထွန်းနေသည့်အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နယ်စပ်ဒေသတည်ငြိမ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ နှစ်နိုင်ငံကြား ဆက်သွယ်ရေးတိုတ်ဆက်မှုကဏ္ဍ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကိစ္စအပါအဝင် နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စတစ်ရပ်အနေဖြင့်ခံယူကာ အိမ်နီးချင်းနိုင်ငံများနှင့်ပါပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ထိရောက်ပြတ်သားစွာ နှိမ်နင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြစ်ချောင်းများတစ်လျှောက်ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် မြစ်ရေများညစ်ညမ်းမှု မရှိစေရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်မှုများပိုမိုတိုးတက်လာစေရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံ အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍လည်း ၎င်းတို့၏ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နေပြည်တော်၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၁၁နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးသည် နှစ်နိုင်ငံဆက်ဆံရေးတွင် တိုးတက်မှုများဖြစ်ထွန်းနေသည့်အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နယ်စပ်ဒေသတည်ငြိမ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ နှစ်နိုင်ငံကြား ဆက်သွယ်ရေးတိုတ်ဆက်မှုကဏ္ဍ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကိစ္စအပါအဝင် နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စတစ်ရပ်အနေဖြင့်ခံယူကာ အိမ်နီးချင်းနိုင်ငံများနှင့်ပါပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ထိရောက်ပြတ်သားစွာ နှိမ်နင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြစ်ချောင်းများတစ်လျှောက်ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် မြစ်ရေများညစ်ညမ်းမှု မရှိစေရေး ပူးပေါင်းဆောင်ရွက်သွားမည့် စဉ်တွင် NCAလမ်းကြောင်းအတိုင်း ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကို အကာအကွယ်ပေးရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သာမက အာဆီယံတွင် မြန်မာနိုင်ငံ၏မူလအခန်းကဏ္ဍပြန်လည်ရရှိရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ တိုးချဲ့ပေးအပ်နေမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအပါအဝင် အပြုသဘောဆောင်တိုးတက်မှုများကို အသိအမှတ်ပြုခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ဆက်လက်ပံ့ပိုးမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသ လုံခြုံရေးနှင့်တည်ငြိမ်ရေး၊ မြစ်ရေညစ်ညမ်းမှုအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊ စွမ်းအင်ကဏ္ဍအပါအဝင် ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဂိတ်များပြန်လည်ဖွင့်လှစ်ရေး၊ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး၊ သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်သွယ်ချိတ်ဆက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(TICA)မှ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် လိုအပ်သည့်အစည်းအဝေးခန်းမသုံး ပရိဘောဂပစ္စည်းကိရိယာများကိုထောက်ပံ့ပေးသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် MGallery Hotel၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ ရန်ကုန်-မန္တလေးအမြန်လမ်းမှ

သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်း(သုည၀ိုင်) လမ်းဆုံရှိ Toll Gate ၌ Radio Frequency Identification Device(RFID)စနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံခြင်းကို အဆင့်မြှင့်တင်ပြောင်းလဲဆောင်ရွက်နေမှု၊ မော်တော်ယာဉ်များ စနစ်တကျဖြတ်သန်းသွားလာနေမှု၊ Toll Gate ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းသပ်ရပ်စေရေးဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ခရီးသွားပြည်သူများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး အပိုင်းလိုက် ကတ္တရာကွန်ကရစ်(AC) ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ မိုင်တိုင်(၁၆၅/၁)ရှိ ဆွာချောင်းတံတား(အသွားလမ်း)နေရာတွင် တံတားအသစ် တစ်စင်း ထပ်မံတည်ဆောက်နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီးဆွာချောင်းတံတား (အသွားလမ်း)အသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်အတွင်း ရာနှုန်းပြည့်ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၂၀၀/၂) နေပြည်တော် Toll Gateသို့ရောက်ရှိပြီး Telematic Command & Control Center ကိုစစ်ဆေးရာ တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်-မန္တလေးအမြန်လမ်းကို အသုံးပြုသည့် ခရီးသည်တင် Express ယာဉ်ကြီးများသည်ညပိုင်းတွင်ဖြတ်သန်းသွားလာမှုပိုမိုများပြားသည့်အတွက် Control Center ရှိ ဝန်ထမ်းများအနေဖြင့် အထူးဂရုပြုပြီး စောင့်ကြည့်ဆောင်ရွက်ပေးရန်လိုပါကြောင်း၊ ခရီးသည်တင် Express ယာဉ်နှင့် ကုန်တင်ယာဉ်များ သတ်မှတ်ထားသည့်ကီလိုထက်ပိုမိုမောင်းနှင်ပါက အရှိန်လျှော့မောင်းနှင်စေရေးသတိပေးခြင်းနှင့် မလိုက်နာသည့် မော်တော်ယာဉ်များကို သက်ဆိုင်ရာသို့ အကြောင်းကြားပေးခြင်းတို့ကို တိတိကျကျဆောင်ရွက်ပေးရန် မှာကြားသည်။


Telematic စနစ် တပ်ဆင်အသုံးပြု၍ သွားလာနေသော ခရီးသည်တင်Expressယာဉ် ၄၀၇၄ စီးနှင့် ကုန်တင်ယာဉ် ၂၂၉၂ စီး စုစုပေါင်း ၆၃၆၆ စီးရှိပြီး ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ခွင့်ပြုထားသော မိုင်နှုန်းများအတိုင်းလိုက်နာမောင်းနှင်စေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၄) ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခုကဲ့သို့ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် လာရောက်တွေ့ဆုံသည့် အပေါ် ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များမထားဘဲ တွေ့ဆုံဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ဆွေးနွေးလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့်ပတ်သက်ပြီး တရားဝင်လမ်းကြောင်းဖြင့် သာနှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်လိုကြောင်း၊ အချို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ရပ်တည်မှုသည် တရားမဝင်ကုန်သွယ်မှုများအပေါ် အခွန်ကောက်ခံခြင်းနှင့် အွန်လိုင်းလိမ်လည်မှုများမှရရှိသည့် ဝင်ငွေများဖြင့် ရပ်တည်နေခြင်းဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်စေရန် နှစ်နိုင်ငံပူးပေါင်းဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး တရားမဝင်နယ်စပ်ဖြတ်ကျော်လာသည့်ကိစ္စရပ်များကိုလည်း ထိုင်းနိုင်ငံအနေဖြင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိုအဆင့်မြှင့်တင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုကိစ္စများ အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို တရားဝင်လမ်းကြောင်းဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံကို ငြိမ်းချမ်းပြီး ပိုမိုတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်တွေ့မြင်လိုကြောင်း၊ အွန်လိုင်းလိမ်လည်မှုသည် တစ်ကမ္ဘာလုံးရင်ဆိုင်နေရသည့်ကိစ္စဖြစ်သည့်အတွက် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းကို ရှာဖွေရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်ဖက်သိရှိလိုသည်များကို အပြန်အလှန်ရင်းရင်းနှီးနှီးအမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံနှင့်ဥရောပအာရှ စီးပွားရေးကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ်အစည်းအဝေးကို ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် မေခရို(အကြီးစား)စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဒါနီယာအီမန်နာလီယက်ဗ်တို့ ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုစာချုပ်လွှာအရ နှစ်ဖက်ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏တိုးတက်မှုအခြေအနေများ၊အနာဂတ် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန် ဦးစားပေးနယ်ပယ်များသတ်မှတ်ရေး၊ အပြန်အလှန်အကျိုးရှိစေမည့် အခွင့်အလမ်းများကို တိုးမြှင့်ဖော်ဆောင်ရေးနှင့် လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာရေးတို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌဖြစ်သည့် မစ္စတာဒါနီယာ အီမန်နာလီယက်ဗ်က ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုစာချုပ်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးနောက် နှစ်ဖက်ဆက်ဆံရေးနှင့် ကုန်သွယ်ရေးတိုးတက်လာမှုအခြေအနေများ၊ စက်မှု၊ စိုက်ပျိုးရေး၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး၊ စွမ်းအင်၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ပို့ဆောင်ရေးကဏ္ဍများတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အာဆီယံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂတို့ကြား ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ပဂ္ဂလိကကဏ္ဍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရှုရှားသံအမတ်ကြီး မစ္စတာအီစ်ကန်ဒဲ အာဇီဇော့ဖ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး မစ္စတာအူလာဇမီယာဘာရာဗီကူတို့က အမှာစကားပြောကြားကြသည်။



ဆက်လက်၍ ပူးတွဲဥက္ကဋ္ဌများသည် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများ၏ သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အစည်းအဝေးသို့တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များက နှစ်ဖက်အကြားကုန်သွယ်ရေးနှင့် စီးပွားရေး၊ စက်မှု၊ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ အကောက်ခွန်နှင့် စီးပွားရေးလုပ်ငန်းအစရှိသည့် နယ်ပယ်ငါးခုခွဲ ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးနှင့် ဘယ်လာရုစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့်တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကိုလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ပထမပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀.၆.၂၀၂၆ ရက်နောက်ဆုံးထား၍ နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်ထိ မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါဒုတိယပိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၁-၁၂-၂၀၂၆ နောက်ဆုံးထား၍ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြီးပြတ်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၈ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့အရ အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကယားပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးသန်းစိုးအောင် အစား ဗိုလ်မှူးကြီးနောင်လတ်

(၂) **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးဝင်းတင်စိုး အစား ဗိုလ်မှူးကြီးမင်းသိန်း

(၃) **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးမိုးမင်းသိန်း အစား ဗိုလ်မှူးကြီးနိုင်ဇင်ထွန်း

(၄) **မွန်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးကျော်စွာမြင့် အစား ဗိုလ်မှူးကြီးရဲထွဋ်

(၅) **ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးကျော်သူရ အစား ဗိုလ်မှူးကြီးဇော်လင်းထွန်း

(၆) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးဝင်းတင့် အစား ဗိုလ်မှူးကြီးကျော်ကျော်ဦး

(၇) **ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးစိန်ဝင်း အစား ဗိုလ်မှူးကြီးကျော်မျိုးမင်းလတ်

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦး ရေဘေးသင့်ဒေသခံ တိုင်းရင်းသားပြည်သူများကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

❍ ကူညီကယ်ဆယ်ရေးမှ

ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ညောင်ရွှေမြို့ရှိ ရေကြီးရေလျှံမှု ဖြစ်ပွားရာနေရာများသို့ သွားရောက်ပြီး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့များကလည်း ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ ကျောဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇေ၊ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ အမျိုးသမီးအသင်းအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် အမျိုးသမီးရေးရာဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်းကျင်းပသည့် ပထမဆုံးဦးဆောင်ကော်မတီ အစည်းအဝေးဖြစ်ပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်းကို အားလုံးက ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်နိုင်ရန်အတွက် အရေးပါသည့် အစပြုခြင်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် ဦးဆောင်ကော်မတီ၏လုပ်ငန်းတာဝန်များ၊ လုပ်ငန်းကော်မတီအသီးသီး၏ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဦးစားပေးအစီအစဉ်များနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်သွားကြရန် ဖြစ်ကြောင်း။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာနိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်းသည် အမျိုးသမီးများ၏ အခွင့်အရေး၊ အခွင့်အလမ်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကဏ္ဍစုံမှ စနစ်တကျမြှင့်တင်နိုင်ရန် ရည်ရွယ်ထားသည့် အရေးပါသော မူဝါဒနှင့် လုပ်ငန်းလမ်းညွှန်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများအတွက် တန်းတူအခွင့်အလမ်း ရရှိရေး၊ ခွဲခြားဆက်ဆံမှု လျော့နည်းပပျောက်ရေး၊ ဘေးကင်းလုံခြုံရေး၊ အရည်အသွေးရှိသည့် ဝန်ဆောင်မှုများလက်လှမ်းမီရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရေးတို့ကို အခြေခံပြီး ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအချက် ငါးချက်ကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ ပထမအချက်အနေဖြင့် လုပ်ငန်းနယ်ပယ် ၁၂ ရပ်အတွက် တာဝန်ခံဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းများကြား လုပ်ငန်းညှိနှိုင်းမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် အမျိုးသမီးများ၏ လက်တွေ့လိုအပ်ချက်များကိုအခြေခံပြီး မြို့ပြ၊ ကျေးလက်နှင့် ဒေသအလိုက် ဦးစားပေးလုပ်ငန်းများကို သတ်မှတ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် လူစွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုများကို ရလဒ်ရရှိရေးအပေါ်အခြေခံပြီး စနစ်တကျချိတ်ဆက်အသုံးချကြရန် ဖြစ်ကြောင်း၊ စတုတ္ထအချက်အနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို မိမိတို့၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သူများအဖြစ် အသိအမှတ်ပြုပြီး တက်ကြွစွာပါဝင်လာနိုင်ရေး အားပေးမြှင့်တင်ကြရန် ဖြစ်ကြောင်း၊ ပဉ္စမအချက်အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို ပုံမှန်စောင့်ကြည့်အကဲဖြတ်ပြီး တွေ့ရှိချက်များအပေါ်မူတည်ကာ လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ယင်းနောက် အစည်းအဝေးမှတစ်ဆင့် မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များကို လက်တွေ့အကျိုးရလဒ်များအဖြစ် ပြောင်းလဲနိုင်ရေး၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘဝအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာရေးနှင့် ၎င်းတို့၏ အသိပညာ၊ အတတ်ပညာနှင့် စွမ်းဆောင်ရည်များကို အပြည့်အဝဖော်ထုတ်အသုံးချနိုင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့၏ အခန်းကဏ္ဍအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြုလုပ်ခဲ့သည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း-NSPAW (၂၀၂၃-၂၀၃၂) အကောင်အထည်ဖော်ဆောင်ရွက်မှု သုံးသပ်ခြင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ဘဏ္ဍာနှစ်များအလိုက် လုပ်ငန်းနယ်ပယ် ၁၂ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှု၊ အားသာချက်၊ အားနည်းချက်နှင့်အကြံပြုချက်များ၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန်နှင့် အမျိုးသမီးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ကော်မတီအတွင်းရေးမှူး အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က ဦးဆောင်ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များကို တင်ပြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၂ - ၁၁ - ၂၀၂၆)

ထားဝယ်	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	ဘီးလင်း	၃၂	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
မြိတ်	၃၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	ခရမ်း	၃၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မော်လမြိုင်	၃၃	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	ပဲခူး	၃၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ဖျာပုံ	၃၂	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်	ညောင်လေးပင်	၃၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
သထုံ	၃၂	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်	ဘားအံ	၃၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မုဒုံ	၃၂	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်	ကျိုက္ခမီ	၃၂	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁) (၂) (၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီ ဖွဲ့စည်း

နေပြည်တော် နိုဝင်ဘာ ၁၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၅ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်က **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း ၁၊ ၂၊ ၃ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီဖွဲ့စည်းခြင်းကို** ပြည်ထောင်စုလွှတ်တော် သို့ရှင်းလင်းတင်ပြရာတွင် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၅ ရက်က ကျင်းပခဲ့သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့တွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက် တင်သွင်းခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုကို ယင်းနေ့မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပြီး ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇(ခ)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ အချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းခြင်း၊ ဦးတည်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်း၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့မှာ သတ်မှတ်ပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန်အတွက် ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းကော်မတီကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၈ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၃၈ ဦးနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ၁၄ ဦး စုစုပေါင်းဦးရေ ၉၀ ဖြင့် ပါဝင်ဖွဲ့စည်းမည်ဖြစ်ပြီး ပူးပေါင်းကော်မတီ၏ဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးလှသိန်းကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နွယ်နွယ်ဦးကိုလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးကိုလည်းကောင်း တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကော်မတီဝင် ၈၆ ဦး၏ အမည်စာရင်းကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးထံ ဖြန့်ဝေထားသည့် ဖွဲ့စည်းမိန့်မူကြမ်းတွင် ဖော်ပြထားပြီးဖြစ်ကြောင်း။

ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းခြင်း၊ ဦးတည်ချက်၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ရပိုင်ခွင့်များနှင့် သက်တမ်းတို့ကိုလည်း အပိုဒ် ရှစ်ပိုဒ်ဖြင့် ထည့်သွင်းဖော်ပြထားပါကြောင်း တင်ပြပြီး ဖွဲ့စည်းသွားမည့် ပူးပေါင်းကော်မတီ၏ ဦးတည်ချက်သုံးရပ်ဖြစ်သည့် (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့်လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာစေရေး၊ (ခ) တိုင်းရင်းသားမျိုးနွယ်စုများကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး၊ (ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်ကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ ဖြစ်ကြောင်း။

ဆက်လက်ပြီး တာဝန် ၁၁ ရပ်ဖြစ်သည့် (က) ပူးပေါင်းကော်မတီသည် နိုင်ငံတော်၏သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ ပြည်သူတို့၏ နိုင်ငံရေးအသိရင့်ကျက်မှုအခြေအနေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအခြေအနေ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအခြေအနေတို့ပေါ်မူတည်၍ လေ့လာသုံးသပ်သွားရမည်၊ (ခ) အကျိုးမဖြစ်ထွန်းနိုင်သည့် အငြင်းပွားဖွယ်ရာဖြစ်နိုင်မည့် ပြဋ္ဌာန်းချက်များထက် နိုင်ငံတော်အတွက်အကျိုးရှိပြီး ပြည်သူအများလိုလားသည့် အပြုသဘောဆောင်သည့်ပြဋ္ဌာန်းချက်များကို ဦးစားပေးလေ့လာသုံးသပ်သွားရမည်၊ (ဂ) အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်သည် ဒီမိုကရေစီစနစ်နှင့် ပိုမိုကိုက်ညီလာစေရေးအတွက် လေ့လာသုံးသပ်တင်ပြသွားရမည်၊ (ဃ) ပြည်သူတို့၏ ယုံကြည်မှု၊ အားထားမှုကိုရရှိသော ဥပဒေနှင့်အညီ လွှတ်လပ်စွာ တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် လေ့လာသုံးသပ်တင်ပြရမည်၊ (င) ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို နာယကဏ၏ ခွင့်ပြုချက်နှင့်အတူ လွှတ်တော်သို့တင်သွင်းရမည်၊ (စ) ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပချိန်မပျက်လွှင်လည်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့တင်ပြရမည်၊ (ဆ) ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်ကိုအခြေခံ၍ ဥပဒေမူကြမ်းပြုစုရန်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း ၁၊၂၃ တို့ကိုလေ့လာဆန်းစစ်၍ သက်ဆိုင်သည့်ကိစ္စများကိုလည်း တပေါင်းတည်း ထည့်သွင်းစဉ်းစားရမည်၊ (ဇ) ဥပဒေမူကြမ်း ပြုစုတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)ပါ ပုဒ်မ၊ ပုဒ်မခွဲများနှင့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)ပါ ပုဒ်မ၊ ပုဒ်မခွဲများအတွက် ပြင်ဆင်လိုသည့် ဥပဒေကြမ်းကို သီးခြားစီရေးသား၍ တပေါင်းတည်းတင်ပြရမည်၊ (ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်မှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၃၊ ပုဒ်မ ၄၃၄၊ ပုဒ်မ ၄၃၅ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၆ တို့နှင့်အညီ ဥပဒေမူကြမ်းပြုစုတင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်၊ (ည) ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်များ၊ တင်ပြချက်များကို ပြည်ထောင်စုလွှတ်တော်သို့ မတင်ပြမီအချိန်ထိ ပေါက်ကြားခြင်းမရှိစေရန် လျှို့ဝှက်အဆင့်သတ်မှတ်ထိန်းသိမ်းရမည်၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံး အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်၊ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ၊ (ဋ) ပူးပေါင်းကော်မတီ သက်တမ်းကုန်ဆုံးပါက ဆွေးနွေးချက်၊ သုံးသပ်ချက်၊ တင်ပြချက်၊ ဆုံးဖြတ်ချက်နှင့် အစီရင်ခံစာများ၊ စာရွက်စာတမ်းအထောက်အထားမှတ်တမ်းများ အားလုံးကို ပြည်ထောင်စုလွှတ်တော်သို့ စနစ်တကျလွှဲပြောင်းအပ်နှံရမည်၊ လုပ်ပိုင်ခွင့် ခြောက်ရပ်၊ လုပ်ထုံးလုပ်နည်း သုံးရပ်၊ ရပိုင်ခွင့် သုံးရပ်တို့ကို ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားသည့် ဖွဲ့စည်းမိန့်မူကြမ်းတွင် အသေးစိတ်ဖော်ပြပါရှိပြီးဖြစ်ကြောင်းနှင့် ပူးပေါင်းကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်အချိန်မှ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့်အချိန်ထိဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယနာယက ရှင်းလင်းတင်ပြသွားသည့် လေ့လာသုံးသပ်ရေးနှင့် ဥပဒေကြမ်းပြုစုရေးပူးပေါင်းကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို လွှတ်တော်၏သဘောထားရယူရာ ကန့်ကွက်သူမရှိသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းများနှင့် ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းသည် နိုင်ငံတော်၏ မူလခွင့်ပြုထားသောရန်ပုံငွေဖြင့် မလုံလောက်သည့်လုပ်ငန်းများ၊ မဖြစ်မနေကျခံပေးရမည့် အသုံးစရိတ်များနှင့် ထပ်မံအကောင်အထည်ဖော်ရန် လိုအပ်လာသောစီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေထပ်မံခွဲဝေခွင့်ပြုရန် ရည်ရွယ်သည့် ဥပဒေကြမ်းတစ်ခုဖြစ်ကြောင်း၊ ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲမှုကို ထုတ်လုပ်မှု၊ တိုးတက်မှုနှင့် မချိတ်ဆက်နိုင်ပါက ဈေးနှုန်းများအပေါ် ဖိအားဖြစ်စေနိုင်ပြီး ပြည်တွင်းထုတ်လုပ်မှုမတိုးတက်ဘဲ ငွေကြေးလည်ပတ်မှုသာတိုးလာပါက ငွေကြေးဖောင်းပွမှုဖြစ်ပေါ်လာနိုင်သည်ကို သတိထားစောင့်ကြည့်ရန် လိုအပ်ကြောင်း၊ မူလခွင့်ပြုငွေအသုံးပြုမှုရာခိုင်နှုန်း၊ လက်ကျန်အခြေအနေနှင့် စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှုတို့ကို နှိုင်းယှဉ်ကြည့်ရှုရန်လိုအပ်ကြောင်း၊ ဘဏ္ဍာငွေဖြန်းတီးမှုမဖြစ်စေရေးနှင့် ယခုလက်ရှိကာလမှ ဘဏ္ဍာနှစ်ကုန်ထိတိုတောင်းလှသောလက်ကျန်ကာလတွင် အမှန်တကယ်အကောင်အထည်ဖော်ပြီးစီးရန် အရေးကြီးခြင်း၊ ပြည်တွင်း၊ ပြည်ပကြွေးမြီသက်ရောက်မှု၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ပြန်လည်ရရှိနိုင်မည့် ရန်ပုံငွေအောင်မြင်မှုတို့ကို တိုင်းတာစစ်ဆေးနိုင်မည့်စနစ်စီမံထားရှိရန် လိုအပ်ပါကြောင်း။

မူလခွင့်ပြုချက်ပါ သုံးငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် အထက်ကျော်လွန်၍ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံလာသည့် ဝန်ကြီးဌာန ၁၂ ခုနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းပါလိုငွေနှင့် GDP အချိုး ငါးရာခိုင်နှုန်းအတွင်းသာရှိစေရေ၊ အသုံးစရိတ်များ လျော့ချဆောင်ရွက်ရန် လိုအပ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကဏ္ဍများတွင် ပိုမိုအကျိုးရှိစေရန် အလေးထားဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦးက ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ငွေအပါအဝင် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုလိုသည်မှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ နှစ်စဉ်လိုငွေပြလျက် ရန်ပုံငွေရေးဆွဲနေခြင်းသည် လုံးဝမဖြစ်သင့်ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကပျက်သုဉ်းနိဂုံးချုပ်စေခဲ့သည့် စီးပွားရေးလုပ်ငန်းတွင် နိုင်ငံတော်က အရှုံးခံခြင်းကို ကောင်းစွာသင်ခန်းစာယူ၍ ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုချက်နည်းလမ်းများအတိုင်း **စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

ဆယ်မကုစားသွားရမည်ဖြစ်ပါကြောင်း။

အခွန်ရငွေများသည် မူလခန့်မှန်းခြေထက် ပိုမိုရရှိခြင်းအပေါ် ကြိုဆိုပါကြောင်း၊ သို့ရာတွင် အခွန်စက်ဝန်းမှ ကင်းလွတ်နေသော နယ်ပယ်များစွာရှိနေသေးရာ အခွန်နှုန်းထားမတိုးဘဲ အခွန်နယ်ပယ်တိုးချဲ့ခြင်း၊ သတ်မှတ်ကောက်ခံနှုန်းနှင့် အမှန်မြေပြင်ကောက်ခံနှုန်းကွာခြားမှုမများအောင် ကြပ်မတ်ဆောင်ရွက်ခြင်း၊ တိုက်တာမြေယာ စသည့် အခြေခံပစ္စည်းများပိုင်ဆိုင်မှုအပေါ် အခွန်ကောက်ခံသည့်ဥပဒေကဲ့သို့ အခွန်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်ဘဏ္ဍာအခွန်ငွေများ တိုးမြှင့်ရနိုင်ခြေကောင်းစွာရှိကြောင်း အကြံပြုလိုပါကြောင်း ထောက်ခံဆွေးနွေးသည်။

မွန်ပြည်နယ် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က ဖြည့်စွက်ခွင့်ပြုသုံးငွေပမာဏ ငွေကျပ် ၇၄၆၈ ဒသမ ၇၀၂ ဘီလီယံသည် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ငါးနှစ်အတွင်း ပမာဏအများဆုံးဖြစ်ကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေ အမှန်တကယ်သုံးစွဲနိုင်သည့် အချိန်ကာလသည် လေးလခန့်သာ ကျန်ရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျစီမံခန့်ခွဲသုံးစွဲနိုင်ရေးသည် ကြီးမားသည့်ကန့်သတ်ချက်တစ်ရပ်ဖြစ်သည်ဟု ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သုံးသပ်ချက်ကို တွေ့ရှိရပါကြောင်း။

ဘဏ္ဍာနှစ်ကုန်ဆုံးမည့်အချိန်တွင် ခွင့်ပြုထားသောငွေများကို မသုံးစွဲနိုင်ပါက နောက်နှစ်တွင် ပြန်လည်တောင်းခံရန် အခက်အခဲရှိနိုင်သည့်အတွက် ထိုငွေကို အလျင်အမြန်သုံးစွဲရန် ဖိအားဖြစ်လာနိုင်ပါကြောင်း၊ လိုအပ်ချက်များကို အခြေခံသုံးစွဲခြင်းထက် ရန်ပုံငွေကုန်ဆုံးရေးကိုသာ ဦးစားပေးနိုင်ပါကြောင်း၊ များက မျက်မြင်ကွင်းဆင်းစစ်ဆေးလျှင် သိရှိလာပါလိမ့်မည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ ကြယ်ပွင့်ပြမေးခွန်းအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများကို မေးမြန်းတောင်းဆိုခဲ့သည့် ပြိုကျ၊ ပျက်စီး၊ အန္တရာယ်ရှိ အခြေခံပညာစာသင်ကျောင်းများ၊ မြို့နယ်လဝကရုံးများ၊ မဖြစ်မနေပြုပြင်တည်ဆောက်ပေးရမည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည့် လမ်းတံတားများကို ယခုဘဏ္ဍာနှစ်တွင် အပြီးသတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၆-၂၀၇ ဘဏ္ဍာနှစ်တွင် လျာထားဘတ်ဂျက်အနည်းဆုံးဖြစ်သည့် နေရပ်စွန့်ခွာ ပြည်သူများ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လုပ်ဖူဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ထိလွယ်ရှလွယ်သော အလုပ်သမားရေးရာကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးနေရသည့် အလုပ်သမားဝန်ကြီးဌာနတို့ကို ယခုတင်ပြသည့် ဖြည့်စွက်ခွင့်ပြုငွေပမာဏထက် ပိုမိုတိုးမြှင့်ပေးရန် လိုအပ်သည်ကို အကြံပြုလိုပါကြောင်း။

မိမိတင်ပြခဲ့သည့် ဝန်ကြီးဌာနများအတွက် မဖြစ်မနေ အရေးကြီးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မူလဖြည့်စွက်တောင်းခံငွေထက် ပိုမိုတိုးမြှင့်ပေးနိုင်ရန်၊ လက်ရှိဥပဒေကြမ်းပါ ဖြည့်စွက်ခွင့်ပြုငွေကျပ် ၇၄၆၈ ဒသမ ၇၀၂ ဘီလီယံအတိုင်း မပြောင်းလဲဘဲ၊ ဖြည့်စွက်ခွင့်ပြုငွေပမာဏများသည်၊ ဝန်ကြီးဌာနအသီသီးက ပြန်လည်ဖြတ်တောက်၍ ပြည်ထောင်စုအစိုးရအဖွဲ့က ပြန်လည်စိစစ်ဆောင်ရွက်ပေးပါလျှင် ယခုတင်ပြသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဓ၊ နောက်ထပ် ဘဏ္ဍာခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို သဘောတူညီချက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း၊ ငွေသားစာရင်းအရ စုစုပေါင်းလိုငွေမှာ ငွေကျပ် ၂၁၃ ဘီလီယံဖြစ်ပေါ်ခဲ့ပါကြောင်း၊ အဆိုပါ စုစုပေါင်းအသုံးစရိတ်တွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့ပါဝင်ကြောင်းနှင့် လက်ရှိတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကသို့ ငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အရှုံးဖြစ်ပေါ်မှုကို သက်သာစေရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် မြန်မာအမျိုးသားလေကြောင်းတို့မှာ ဘဏ္ဍာရေးအခြေအနေအရ အရှုံးဖြစ်ပေါ်နေသော်လည်း ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်သူ့ကုန်စည်များစီးဆင်းမှုမှန်ကန်ရေးအတွက် အားထားရာဖြစ်သည့်အတွက် ပြည်သူ့ဝန် ဆောင်မှုလုပ်ငန်းဖြစ်ပါကြောင်း၊ ၎င်းလုပ်ငန်းများအနေဖြင့် အရှုံးလျော့နည်း၍ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ရေးကိုသာ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုနည်းဘူးစွာ အခွန်အခြေကို တိုးချဲ့ခြင်းကိုလည်းကောင်း၊ အခြေခံပစ္စည်းများအပေါ်မှ အခွန်ကောက်ခံခြင်းနှင့် စံနှုန်းမှန်ကန်ရေးကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ ဆွေးနွေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ရငွေများမှာ သက်ဆိုင်ရာဘဏ္ဍာနှစ် အမှန်စာရင်းများအရ နှစ်စဉ်မူလခန့်မှန်းခြေငွေစာရင်းထက် ပိုမိုရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ရငွေရရှိမှုအပေါ်မူတည်၍ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ်များကို ကဏ္ဍအသီးသီးအလိုက် ခွဲဝေသုံးစွဲရခြင်းဖြစ်ပါကြောင်း၊ အခွန်အကောက်ရငွေတိုးတက်မှုရရှိမှုသာ နိုင်ငံတော်၏ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ကဏ္ဍများတွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့သုံးစွဲနိုင်မှသာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနများ၏ ဖွဲ့စည်းမှုနှင့် သဘောတရားကို သေချာစွာလေ့လာရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများသည် စနစ်တကျဖွဲ့စည်းထားပြီး ဝန်ကြီးဌာန တစ်ခုချင်းစီ၏ SOP နှင့် Terms of Reference များရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနတိုင်းသည် ရငွေရှာဖွေရသည့် ဌာနများမဟုတ်ပါကြောင်း၊ ရငွေပိုင်းတွင် အခွန်မှရငွေနှင့် အခွန်မဟုတ်သောရငွေဖြစ်ပါကြောင်း၊ အခွန်မှရငွေကို ကောက်ခံရသည့်ဝန်ကြီးဌာနများရှိပြီး အခွန်မဟုတ်သော ရငွေများကိုသာ ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများရှိပါကြောင်း၊ အသုံးစရိတ်ပိုင်းတွင် လစာနှင့် စရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ် ခွဲခြားထားပါကြောင်း၊ ဝန်ကြီးဌာနတိုင်းသည် စီမံကိန်းပါမှသာ လျှင် ဘတ်ဂျက်လျာထားခွင့်ရှိပါကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းများကို စိစစ်သည့်အခါတွင်လည်း မိမိတို့အနေဖြင့် ရှေ့သုံးနှစ် နောက်သုံးနှစ်ကို ပြန်လည်သုံးသပ်ထားသည့် ကာလလတ်ဘဏ္ဍာရေးမူဘောင်ကို ထုတ်ပြန်ထားပြီး ဝန်ကြီးဌာနများကို အဆိုပါမူဘောင်နှင့်ထိန်းချုပ်ထားပါကြောင်း။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ စာရင်းအောက်တွင် ကြွေးမြီနှင့် ပြန်ဆပ်ငွေများ ထည့်သွင်းလျာထားရပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်၊ အဂတိလိုက်စားမှုကော်မရှင်တို့၏ ငွေလုံးငွေရင်းသာမန်အသုံးစရိတ်များ အားလုံးကိုလည်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်တွင် ထည့်သွင်းပြီး တောင်းခံပေးရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ စာရင်းတွင် ငွေကျပ် ၂၀၃၃ ဘီလီယံ ပေါ်ပေါက်နေခြင်းဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တင်သွင်းခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့အတူ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အစီရင်ခံစာတွင်ပါရှိသည့် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် သတ်မှတ်ပမာဏရရှိရေး ကြိုးပမ်းအကောင်အထည်ဖော်သင့်ကြောင်း သဘောထားမှတ်ချက်နှင့်စပ်လျဉ်းပြီး ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် အဆိုပါခန့်မှန်းချက်ပမာဏရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံစီးပွားမြှင့်တင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကဏ္ဍများတွင် ပိုမိုအကျိုးရှိစေရန် အလေးထားဆောင်ရွက်သင့်ကြောင်း ဆွေးနွေးချက်နှင့်စပ်လျဉ်းပြီး နိုင်ငံတော်၏ အသုံးစရိတ်မူဝါဒတွင် အဆိုပါကဏ္ဍများကို အဓိကဦးစားပေး ထည့်သွင်းဆောင်ရွက်ထားရှိပါကြောင်း၊ ဘဏ္ဍာနှစ်ကုန်ဆုံးရန် လေးလခန့်သာကျန်ရှိသည့် အချိန်သည် စီမံကိန်းအသစ်များအတွက် အလွန်တိုတောင်းသောကာလဖြစ်သဖြင့် ဖြည့်စွက်ခွင့်ပြုငွေများကို ထပ်မံခွင့်ပြုခြင်းသည် ဘဏ္ဍာငွေကို အချိန်မီထိရောက်စွာနှင့် အကျိုးရှိစွာ သုံးစွဲနိုင်မည်ဆိုသည့် အချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတင်ပြတောင်းခံသည့် ဌာနအသီးသီးမှ လုပ်ငန်းဆောင်ရွက်မည့် ဒေသ၊ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ ဖြည့်စွက်ခွင့်ပြုကာလအတွင်း အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းပမာဏနှင့် တာဝန်ယူမှုတို့ဖြင့် စိစစ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် အဆိုပါဥပဒေကြမ်း၏ ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အဆိုပြုချက်အပေါ် အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အသုံးအဖြတ်ရယူရာ ကန့်ကွက်သူရှိသည့်အတွက် စက်ခလုတ်နှိပ်အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၄၈၁၊ ကန့်ကွက်မဲ ၁၉ မဲ၊ ကြားနေမဲ ၂၈ မဲရှိပြီး ထောက်ခံမဲများသည့်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







ယာယီရေဘေးရှောင်ပြည်သူများကို စားရေရိက္ခာများထောက်ပံ့ခြင်း၊ နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

ရာသီဥတုဖောက်ပြန်ခြင်းနှင့် မိုးတိမ်တောင်များဖြစ်ပွားခြင်းကြောင့် နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ရှမ်းပြည်နယ်အတွင်းရှိမြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အဆိုပါရေဘေးကြောင့် ယာယီရွှေ့ပြောင်းရန် လိုအပ်သူများကို အရေးပေါ်ရွှေ့ပြောင်းပေးခြင်း၊ ယာယီရေဘေးရှောင်စခန်းများသို့ ရောက်ရှိနေကြသော ပြည်သူများကို စားရေရိက္ခာများ ထောက်ပံ့ခြင်း၊ နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်ထောင်စုအဆင့်ကလည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည၌ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင်နှင့် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူတို့သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ကုန်းလှိုင်ဘုန်းကြီးကျောင်း (ယာယီရေဘေးရှောင်စခန်း)သို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်ခြင်း၊ လတ်တလော စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ဆန်ရိက္ခာဖိုးငွေ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့သည်။



အဆိုပါစခန်းရှိ ရေဘေးသင့် အိမ်ထောင်စု ၁၉၇ စုမှ လူဦးရေ ၇၀၈ ဦး အတွက် ထောက်ပံ့မှုတန်ဖိုးမှာငွေကျပ် ၁၂၁၆၈၃၀၀ ဖြစ်ပြီး ယနေ့ထိ ထောက်ပံ့ပြီးစီးမှုမှာ လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်ရှိ ယာယီရေဘေးရှောင်စခန်းများဖြစ်သည့် ဗုဒ္ဓရာဇာဘုန်းကြီးကျောင်း၊ စွန့်ဂျာမေဗလီနှင့် ဓိနဝရကျောင်းတို့၌ ရောက်ရှိခိုလှုံနေသော အိမ်ထောင်စု ၈၅ စုမှ လူဦးရေ ၃၈၃ ဦးအတွက် ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၁၉၁၅၀၀၀၊ လင်းခေးခရိုင် မောက်မယ်မြို့နယ်ရှိ ယာယီရေဘေးရှောင်စခန်းခုနစ်ခုတွင် ရောက်ရှိခိုလှုံနေသော အိမ်ထောင်စု ၂၇၂ စုမှ လူဦးရေ ၁၁၈၁ ဦး အတွက် ငွေကျပ် ၅၉၀၅၀၀၀ ဖြစ် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများသို့ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား



နေပြည်တော် နိုဝင်ဘာ ၁၂

နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအရေးစီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများကို အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၁ (MICC-1) ၌ ကျင်းပပြသလျက်ရှိရာ အခြေခံပညာမူလတန်းအဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်၌ “လူသားနှင့် အနာဂတ် အာကာသ” ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အခြေခံပညာ အထက်တန်းအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို “အနာဂတ်အာကာသ နည်းပညာ” ခေါင်းစဉ်ဖြင့် ဆက်လက် ယှဉ်ပြိုင်ကြသည်။

အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့်နည်းပညာများကိုစိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အာကာသနည်းပညာဆိုင်ရာ ပြခန်းများတွင် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့် လေ့လာရေးစနစ်ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာအင်ဂျင်နီယာနှင့် သချိုင်းပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသစူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသော အာကာသစူးစမ်းလေ့လာရေးသုတေသနပြခန်းများကို ခင်းကျင်းပြသထားသည်။

ယနေ့တွင် အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူ ၆၈၃၃ ဦး လာရောက်လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါပြခန်းများကို နိုဝင်ဘာ ၁၃ ရက်ထိ နေ့စဉ်နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီထိ လာရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

အောင်ကို(ပုဗ္ဗသီရိ)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက နီပေါနိုင်ငံ ရေဘေးအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပေးအပ်လှူဒါန်း



ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက နီပေါနိုင်ငံတွင် ရေဘေးကြောင့် ထိခိုက်ခံစားရသူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးသည့် အနေဖြင့် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အသင်းရန်ကုန်ရုံးခွဲတွင် ကျင်းပသည်။

လှူဒါန်းပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းအသင်းများဖက်ဒရေးရှင်း မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Mr. Sanjeev Kumar Kafley နှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး Mr. Harishchandra Ghimire တို့က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက နီပေါနိုင်ငံတွင် ရေဘေးကြောင့် ထိခိုက်ခံစားရသူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသော အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် နိုဝင်ဘာ ၁၃ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/၈လ)

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ။

မြစ်ကြီးနားမြို့ရှိ သံဃာတော်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေး အဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အောင်တော်မူ ပရဟိတရွှေသိမ်ကျောင်း တိုက်၌အခြေပြု၍ သံဃာတော် ၃၅ ပါးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၅၈ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါ ကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ တိုင်းရင်းသား ရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။





● ဘော်လီဘောပြိုင်ပွဲမှ

အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးပြီး ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့်အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက်(ယနေ့) နံနက် ၉ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာန ပေါင်းစုံဘော်လီဘောပြိုင်ပွဲ အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ အမျိုးသားကွာတားအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)


◆ ဂုဏ်ပြုကြိုဆိုမှ

တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။



လိမ်လည်သူများ အသုံးပြုရန်အတွက် လိမ်လည်မည့် ဇာတ်ကောင်နှင့်ကိုက်ညီသည့် ဓာတ်ပုံအထောက်အထားများ ကြိုတင်စုဆောင်းထားမှု မှတ်တမ်းဓာတ်ပုံများ။

ရရှိနိုင်သည်ဟု ယုံကြည်အောင်ပြောဆိုကြကြောင်း၊ ထို့ပြင် အခြားသူများရင်းနှီးမြှုပ်နှံပြီး အကျိုးအမြတ်ရရှိနေကြောင်း ထင်မြင်စေမည့် အထောက်အထားအတုများ၊ မှတ်တမ်းအတုများနှင့် အွန်လိုင်းစာမျက်နှာအတုများကို အသုံးပြုကြကြောင်း၊ ပစ်မှတ်ထားခံရသူက စိတ်ဝင်စားလာပါက ၎င်းတို့ဖန်တီးထားသည့် ငွေကြေးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရသည့် Application များနှင့် စတော့ရှယ်ယာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပါက အမြတ်အစွန်း ပြန်လည်ရရှိမည်ဖြစ်ကြောင်းပြောဆို၍ အခြားသူများလည်း ရင်းနှီးမြှုပ်နှံထားကြောင်း ယုံကြည်မှုရှိစေရန် အဖွဲ့လိုက်ဓာတ်ပုံများပေးပို့၍ ဆွဲဆောင်စည်းရုံးကြကြောင်း၊ လုပ်ငန်းမှ ရရှိသည့် အမြတ်အစွန်းများဖြင့် ထောက်ပံ့ရေးပစ္စည်းများ လျှုဒါန်းမှုဓာတ်ပုံများ ပြုလုပ်၍လည်း အမှန်တကယ် အကျိုးအမြတ်ရရှိသည့်အပြင် အများအကျိုးပြုနိုင်သည့် လုပ်ငန်းအဖြစ် အထင်ကြီးလေးစားမှုရှိစေရန် ပြုလုပ်ကြကြောင်း၊ ၎င်းတို့သည် အစပိုင်းတွင် ပိုမိုယုံကြည်လာသံသယဖြစ်ဖွယ် Website Link များကို ပေးပို့ကြပြီး ထိုသို့ပေးပို့ရာတွင်အချို့သောလိမ်လည်သူများသည် ဘဏ်များ၊ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ အစိုးရဌာနများနှင့် နာမည်ကြီးကုမ္ပဏီများ၏ အမည်၊ အမှတ်တံဆိပ်(Logo) နှင့် Website ပုံစံများကို တုပဖန်တီးကာ တရားဝင် Website တစ်ခုကဲ့သို့ ထင်မြင်စေရန် ပြုလုပ်၍ လိမ်လည်ကြကြောင်း သိရှိရသည်။

အွန်လိုင်းမှတစ်ဆင့် လောင်းကစား ဝါသနာပါသူများကို လိမ်လည်မှုအပိုင်းတွင် လူမှုကွန်ရက်များမှတစ်ဆင့် အွန်လိုင်းလောင်းကစားနှင့် ဂိမ်းပလက်ဖောင်းများကို ကြော်ငြာခြင်း၊ အနိုင်ရရှိနိုင်ခြေမြင့်မားကြောင်းနှင့် ငွေကြေးထည့်ဝင်ပါက အမြတ်အစွန်းများ ရရှိနိုင်ကြောင်း မက်လုံးပေးပြောဆိုခြင်းတို့ ပြုလုပ်ကြကြောင်း၊ ထို့ပြင် အချို့သော ပလက်ဖောင်းအတုများတွင် အသုံးပြုသူများအနေဖြင့် အနိုင်ရရှိနေသကဲ့သို့ ဂိမ်းရလဒ်များ၊ ငွေလက်ကျန်များနှင့် အမြတ်အစွန်းများကို ဖန်တီးပြသကာ ယုံကြည်မှုရရှိစေရန် လုပ်ဆောင်ကြကြောင်း



ချစ်သူရည်းစားသဖွယ် သွေးဆောင်ဖြားယောင်းပြောဆိုထားပုံ။

■ ပူးပေါင်းနှိမ်နင်းမှ

ရှမ်းပြည်နယ် နယ်စပ်ဒေသအသီးသီး၌ ၎င်းတို့အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါပြည်ပနိုင်ငံသားများတွင် တရုတ်နိုင်ငံသားများ အများဆုံး ပါဝင်လျက်ရှိကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ဩဂုတ် ၁ ရက်မှ အောက်တို ဘာ ၃၁ ရက်အတွင်း ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၇၅၉ ဦး အနက် ၅၀၂ ဦးသည် တရုတ်နိုင်ငံသားများ ဖြစ်ကြပြီး သိမ်းဆည်းရမိခဲ့သည့် ကွန်ပျူတာနှင့်ဖုန်းများအတွင်း တွေ့ရှိချက်များနှင့် ၎င်းတို့ကို စိစစ်မှုများအရ ၎င်းတို့၏ တရုတ်နိုင်ငံသားအချင်းချင်းကိုသာ အဓိကပစ်မှတ်ထားပြီး အင်တာနက်၊ လူမှုကွန်ရက်နှင့် ဒီဂျစ်တယ်ဆက်သွယ်ရေးနည်းပညာများကို အသုံးချ၍ လူတစ်ဦးချင်းစီ၏ ယုံကြည်မှု၊ စိတ်ခံစားမှုနှင့် ငွေကြေးဆိုင်ရာ အကျိုးအမြတ်မျှော်လင့်ချက်များကို အခွင့်ကောင်းယူကာ ငွေကြေးလိမ်လည်ခြင်းများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ကျူးလွန်လုပ်ဆောင်ရာတွင်လည်း တရုတ်နိုင်ငံသားများသာ အဓိကအသုံးပြုသည့် မိတ်ဆွေဖွဲ့ Application နှင့် Chat Application များဖြစ်သည့် Safe Wi QQ၊ Yuanbao၊ Dou Yu၊ Feishu၊ Safe Xi Wechat ၊ Litmatch နှင့် Telegram စသည့် Application များကို အသုံးပြုလေ့ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိသူများကို စိစစ်ချက်များအရ ပစ်မှတ်ရွေးချယ်ခြင်းအပိုင်းနှင့် ယုံကြည်မှု တည်ဆောက်ခြင်းအပိုင်းတွင် ၎င်းတို့သည် အသိပညာနည်းပါးသူ၊နည်းပညာအားနည်းသူနှင့် လောဘစိတ်ရှိသူများကို အဓိကပစ်မှတ်ထားရှာဖွေလေ့ရှိကြောင်း၊ပစ်မှတ်များကို ရွေးချယ်ပြီးနောက် ချဉ်းကပ်ရမည့်ပုံစံနှင့် လိမ်လည်ရမည့် ပုံစံကိုချမှတ်နိုင်ရန် ပစ်မှတ်၏ အသက်အရွယ်၊ ဝါသနာ၊ အလုပ်အကိုင်တို့အပေါ် မူတည်၍ ခွဲခြားသတ်မှတ်ပြီး ပစ်မှတ်ထားခံရသူများ၏ ယုံကြည်မှုကိုရရှိစေရန်နှင့် ရင်းနှီးသောဆက်ဆံရေးတစ်ရပ်တည်ဆောက်နိုင်ရန် ကြိုးပမ်းကြကြောင်း၊ ပစ်မှတ်၏ လူမှုအဆင့်အတန်း၊ အလုပ်အကိုင်၊ ဝါသနာနှင့် စိတ်ဝင်စားမှုများ အပေါ်မူတည်၍ ၎င်းတို့၏အယောင်ဆောင် ပုံစံကိုသတ်မှတ်ကြကြောင်း၊ စစ်ဘက်၊ ရဲဘက်ဆိုင်ရာ ရာထူးအာဏာရှိသူများ၊ လုပ်ပိုင်ခွင့်ရရှိသူ အစိုးရဝန်ထမ်းများ၊ ငွေကြေးချမ်းသာကြွယ်ဝသည့် ကုမ္ပဏီပိုင်ရှင်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာတတ်လူတန်းစားများ၊ နည်းပညာကျွမ်းကျင်သူများ၊ရုပ်ရည်ချောမောလှပသူများစသည်ဖြင့် အယောင်ဆောင်ကြကြောင်း၊ လိမ်လည်မည့် ဇာတ်ကောင်အပေါ်မူတည်၍ လိုအပ်သည့်ဓာတ်ပုံများ၊ အထောက်အထား စာရွက်စာတမ်းများ၊ လူနေမှုဘဝပုံစံများကို သဘာဝကျအောင် ကြိုတင်ဖန်တီးထားကြောင်း သိရှိရသည်။

ယင်းနောက် ကြိုတင်ဖန်တီးထားသည့် ဇာတ်ကောင်၏ လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် အကြောင်းအရာများနှင့် အတွေ့အကြုံများကို ပြောပြခြင်းဖြင့် တဖြည်းဖြည်း ခင်မင်မှုနှင့် ယုံကြည်မှုရရှိအောင်ချဉ်းကပ်ကြပြီး တစ်ချိန်တည်းတွင် ပစ်မှတ်၏ ဝါသနာ၊ စိတ်ပါဝင်စားမှုနှင့် ဘဝဇာတ်ကြောင်းများကိုလည်း မေးမြန်းကာ ပစ်မှတ်အကြောင်း ပိုမိုနားလည်သိရှိအောင်ဆောင်ရွက်၍ စိတ်တူကိုယ်တူရှိသူများအဖြစ် ဟန်ဆောင်လျက် ရင်းနှီးမှုနှင့် ယုံကြည်မှုရရှိအောင် တည်ဆောက်ကြကြောင်း သိရှိရသည်။


ဆက်လက်၍ လိမ်လည်မှုနည်းလမ်းများ ပြုလုပ်ခြင်းအနေဖြင့်လည်း ပစ်မှတ်ထားခံရသူများနှင့် ယုံကြည်မှုတည်ဆောက်ပြီး ၎င်းတို့၏အသက်အရွယ်၊ လူမှုအဆင့်အတန်း၊ စိတ်ခံစားမှုနှင့် လိုအင်ဆန္ဒများအပေါ်မူတည်၍ လိမ်လည်မှုပြုလုပ်မည့် နည်းလမ်းများကို ပြောင်းလဲအသုံးပြုကြကြောင်း၊ ပစ်မှတ်သည် အသက်ငယ်ရွယ်သူဖြစ်ပါက ရုပ်ရည်ချောမောလှပသော ဆန့်ကျင်ဘက်လိင်အဖြစ် သရုပ်ဆောင်ချဉ်းကပ်ပြီး အသက်အရွယ်ကြီးသူဖြစ်ပါက အထင်ကြီးလေးစားမှုရရှိစေရန် နိုင်ငံ့ဝန်ထမ်းသို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်အဖြစ် အယောင်ဆောင်၍ ယုံကြည်မှုရရှိအောင် ပြုလုပ်ကြကြောင်း၊ အသက်ငယ်ရွယ်သည့် ပစ်မှတ်ဖြစ်ပါက နေ့စဉ်အဆက်အသွယ်ပြုလုပ်ခြင်း၊ဂရုစိုက်ကြင်နာသည့် စကားများပြောဆိုခြင်းတို့ဖြင့် ချစ်သူရည်းစားသဖွယ် ဆက်ဆံရေးရရှိလာသည့် အခါ မိသားစုအရေးပေါ်အခြေအနေ၊ ကျန်းမာရေးပြဿနာ၊ စီးပွားရေးအဆင်မပြေမှုစသည့် အကြောင်းပြချက်များဖြင့် ငွေကြေးအကူအညီ တောင်းခံကြကြောင်း၊ အချို့သည် အနာဂတ်တွင် လက်ထပ်ပေါင်းသင်းရန် ကတိပြုပြောဆိုကာ ငွေကြေးအကူအညီများ ထပ်မံတောင်းခံကြကြောင်း၊ ငွေကြေးရရှိပြီးနောက် ဆက်သွယ်မှုဖြတ်တောက်ခြင်း၊ အကောင့်ပိတ်သိမ်းခြင်း သို့မဟုတ် အကြောင်းပြချက်အသစ်များဖြင့် ငွေထပ်မံတောင်းခံခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

လောဘစိတ်ရှိသူများကို လိမ်လည်မှုအပိုင်းတွင် မိမိတို့တွင် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှိကြောင်း သွေးဆောင်စည်းရုံးကာ အမြတ်အစွန်းများစွာစေရန် အမြတ်အစွန်းများ ပြန်လည်ထုတ်ပေးသော်လည်း ရင်းနှီးမြှုပ်နှံသူများပြားလာပါက Application များ ဖျက်သိမ်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုငွေများ ပြန်လည်ထုတ်မပေးခြင်းနှင့် ငွေကြေးစီးဆင်းမှုကို ဖုံးကွယ်ရန် ကြိုးပမ်းခြင်းများပြုလုပ်၍ လိမ်လည်လေ့ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း သိရှိရသည်။

ထို့ပြင် ကံစမ်းမဲ၊ ဆုကြေးငွေကို မက်လုံးပေး၍ လိမ်လည်မှုအနေဖြင့် ဖုန်းစာတို (SMS)၊ အီးမေးလ်(Email)နှင့် Viber၊ Telegram စသည့် လူမှုကွန်ရက်နှင့် ဆက်သွယ်ရေး Application များကို အသုံးပြု၍ Website Link အတုများပေးပို့ကာ လိမ်လည်သည့်နည်းကိုလည်း ပြုလုပ်လေ့ရှိကြောင်း၊ ပစ်မှတ်ထားခံရသူများ၏ စိတ်ဝင်စားမှုနှင့် ယုံကြည်မှုကို ရရှိစေရန် ဆုငွေလက်ဆောင်နှင့် ငွေသားဆုများ ကံစမ်းမဲပေါက်မှုအကြောင်းပြု၍ သိရှိရသည်။

အလုပ်အကိုင်အခွင့်အလမ်း မက်လုံးပေး၍ လိမ်လည်ရာတွင် အိမ်တွင်နေထိုင်ရင်း အလုပ်လုပ်ကိုင်နိုင်ခြင်း၊ အချိန်ပိုင်းအလုပ်များဖြင့် ဝင်ငွေကောင်းစွာရရှိနိုင်ခြင်း၊ အထူးကျွမ်းကျင်မှုနှင့် အတွေ့အကြုံမလိုအပ်ဘဲ လစာမြင့်မားစွာရရှိနိုင်ခြင်းစသည့် မက်လုံးပေးကြော်ငြာမှုများဖြင့် ဆွဲဆောင်ကြပြီး အလုပ်အကိုင်ရရှိရန် မှတ်ပုံတင်ကြေး၊ အာမခံကြေး၊ သင်တန်းကြေးနှင့် လုပ်ငန်းဆောင်ရွက်ခများပေးသွင်းရန်တောင်းဆိုခြင်း၊ အလုပ်တာဝန်များ ဆောင်ရွက်ပြီးစီးပါက လုပ်ခလစာနှင့် အကျိုးအမြတ်များရရှိမည်ဟု ပြောဆိုခြင်းတို့ဖြင့် ငွေကြေးပေးသွင်းစေရန် လိမ်လည်ကြကြောင်း၊ အချို့ဖြစ်ရပ်များတွင် သဘာဝကျစေရန် အလုပ်အတွက်ကိုယ်ရေးအချက်အလက်၊ မှတ်ပုံတင်အချက်အလက်နှင့် စာမျက်နှာ ၂၄ သို့





မိသားစုအရေးပေါ်အခြေအနေကြောင့် ငွေကြေးအကူအညီတောင်းခံထားပုံ။

လိမ်လည်ရာတွင်အသုံးပြုရန် ပြင်ဆင်ထားသည့် တရုတ်ယွမ်ငွေနှင့် ရွှေတုံးပုံများကို တွေ့ရစဉ်။



လိမ်လည်သူများအသုံးပြုမည့် လိမ်လည်သူဓာတ်ကောင်နှင့်ကိုက်ညီသည့် ဓာတ်ပုံအထောက်အထားများ ကြိုတင်စုဆောင်းထားမှု မှတ်တမ်းဓာတ်ပုံများ။



လိမ်လည်သူများအသုံးပြုမည့် တရုတ်နိုင်ငံသားမှတ်ပုံတင်ကတ်နှင့် China Construction Bank card ဓာတ်ပုံများ။



သတင်းဌာန Website အယောင်ဆောင်ကာ ထင်ရှားသူများ၏ အင်တာဗျူး အတုများဖြင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို ကြော်ငြာပုံ။

စာမျက်နှာ ၂၃ မှအဆက်

ဘဏ်အကောင့် အချက်အလက်များကိုပါ တောင်းခံအသုံးပြုကြကြောင်း သိရှိရသည်။

ထို့ပြင် ယခုနောက်ပိုင်းတွင် အဆင့်မြင့် AI နည်းပညာများကို အထောက်အကူပြု ကိရိယာတစ်ခုအဖြစ် အသုံးချလာကြကြောင်း၊ အထူးသဖြင့် AI ဖြင့် လူပုဂ္ဂိုလ်များ၏ မျက်နှာပုံရိပ်နှင့် အသံများကို တုပဖန်တီးနိုင်သော Deep-fake နည်းပညာကိုအသုံးပြု၍ ထင်ရှားကျော်ကြားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရတာဝန်ရှိသူများ၏ အမည်၊ ရုပ်ပုံနှင့်အသံများကို အလွဲသုံးစားပြုကာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို ယုံကြည်စိတ်ချရသည့်အစီအစဉ်များ ဖြစ်သကဲ့သို့ ဖန်တီးကြော်ငြာကြကြောင်း၊ သတင်းဌာနများ၏ တရားဝင် Website နှင့် ပုံစံတူ Website အတုများကို ဖန်တီးအယောင်ဆောင်ပြီး ထင်ရှားကျော်ကြားသူများ၏ အင်တာဗျူးအတုများ၊ သတင်းဆောင်းပါးအတုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကြော်ငြာအတုများကိုဖော်ပြကာ အဆိုပါ ပုဂ္ဂိုလ်များက ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို အမှန်တကယ် ထောက်ခံအားပေးနေသကဲ့သို့ လှည့်ဖြားဆွဲဆောင်မှုများ ပြုလုပ်ကြကြောင်း သိရှိရသည်။

အဆိုပါ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများသည် နယ်စပ်ဒေသရှိ သောင်းကျန်းသူအဖွဲ့များ အခြေပြုသည့် ဥပဒေကင်းလွတ်ရာ နယ်မြေများတွင် အဓိကအခြေပြု လုပ်ကိုင်လေ့ရှိသည်ကို တွေ့ရှိရကြောင်း၊ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သော ရာဇဝတ်မှုခင်းများ ဖြစ်သည့်အပြင် ၎င်းရာဇဝတ်မှုများသည် လူအများစုအပေါ် ကျူးလွန်သောရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပြီး နောက်ဆက်တွဲ ဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း၊ လိမ်လည်သူများအနေဖြင့် လိမ်လည်ခြင်းများပြုလုပ်ရာ၌ ပစ်မှတ်များ၏ ပညာအရည်အချင်းနည်းပါးမှု၊ အသိပညာ ခေါင်းပါးမှု၊ နည်းပညာမကျွမ်းကျင်မှုနှင့် အမြတ်အစွန်းရလိုသည့် လောဘစိတ်တို့ အပေါ်မူတည်၍ လိမ်လည်နည်းများကို ပေါင်းစပ်အသုံးပြုလေ့ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ကျူးလွန်ကြသူအများစုအနေဖြင့် နိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုများအပြင် အခြားသောဒုစရိုက်မှုမျိုးစုံကို ဆိုးရွားစွာ ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ကျူးလွန်ခဲ့ကြသူများသည် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေးစည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ်လာရောက်လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများ ကျူးလွန်ထွက်ပြေးတိမ်းရှောင်နေကြသူများ ဖြစ်ကြောင်း သိရှိရသည်။ ၎င်းတို့အနေဖြင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်ပွားမှုနောက်ပိုင်းတွင်မှ မြန်မာနိုင်ငံနယ်စပ်ရှိ လက်နက်ကိုင်အကြမ်းဖက်ပူးပေါင်းအဖွဲ့များ အခြေချနေထိုင်လျက်ရှိသော ရှမ်းပြည်နယ်ဒေသများသို့ တစ်ဖက်နိုင်ငံမှ တစ်ဆင့် တရားမဝင်နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များ ဝင်ရောက်လုပ်ကိုင်မှုအပေါ် အကြမ်းဖက်အဖွဲ့များ အနေဖြင့် နိုင်ငံနှင့်ဒေသအပေါ် ကြီးမားစွာ ထိခိုက်နစ်နာမှုများကိုလျစ်လျူရှု၍ မြေနေရာပေးခြင်း၊ အကာအကွယ်ပေးထားခြင်းများရှိသည်ကို တွေ့ရှိရသည်။

ထို့ပြင် အဆိုပါလုပ်ငန်းများသည် နိုင်ငံတကာငွေကြေးစီးဆင်းမှုနှင့် ဒီဂျစ်တယ်နည်းပညာများကိုအသုံးချ၍ နယ်စပ်ဖြတ်ကျော် လုပ်ကိုင်နေသည့်အတွက် လိမ်လည်ခံရသူများ၏ ငွေကြေးဆုံးရှုံးမှုကို ဖြစ်ပေါ်စေရုံသာမက ငွေကြေးခဝါချမှုနှင့် လူကုန်ကူးမှုကဲ့သို့သော ဆက်စပ်မှုခင်းများကိုပါ ဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် အဆိုပါ Scam Center များတွင် နိုင်ငံအသီးသီးမှ လူများကိုအလုပ်အကိုင်ကောင်းများရရှိမည်ဟု လိမ်လည်ခေါ်ယူပြီးနောက် အွန်လိုင်းလိမ်လည်မှုများတွင် အတင်းအကျပ် ပါဝင်လုပ်ကိုင်စေသည့်ဖြစ်စဉ်များလည်း ရှိနေကြောင်း သိရှိရပြီး ယင်းအခြေအနေများကြောင့် အွန်လိုင်းလိမ်လည်မှုသည် နိုင်ငံတစ်နိုင်ငံတည်း၏ ပြည်တွင်းမှုခင်းပြဿနာအဖြစ်သာမက နိုင်ငံတကာ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍများကိုပါ ခြိမ်းခြောက်လာသည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်လျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေမှုများကို သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ရန် မေတ္တာရပ်ခံပါကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် အွန်လိုင်းမှတစ်ဆင့်ရရှိလာသော သတင်းအချက်အလက်များကို စိစစ်အတည်ပြုခြင်း၊ မသက်ဝင်ဖွယ်ရာ Link များကို ရှောင်ကြဉ်ခြင်း၊ Password နှင့် OTP ကဲ့သို့သော ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့်လည်း ပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့်စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

ဂျာမနီသံရုံးယာယီတာဝန်ခံ၏ လူမှုမီဒီယာမှတစ်ဆင့်ထုတ်ပြန်ခဲ့သော ဗီဒီယိုနှင့်ပတ်သက်၍ ပြင်းထန်စွာကန့်ကွက်ရှုတ်ချခြင်း

၁။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဂျာမနီသံရုံးယာယီတာဝန်ခံ မာသီးရက်စ်လေရှ့စ် Mathias Licharz ၏ ဗီဒီယိုဖိုင်တွင်ပါရှိသည့် ၎င်း၏ပြောကြားချက်များသည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းဖြင့် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် မိမိတို့၏နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အကြီးအကဲကို မထီမဲ့မြင်ပြုခြင်းဖြစ်သည့်အပြင် ရွေးကောက်ပွဲတွင် တက်ကြွစွာဆန္ဒမဲပေးခဲ့ကြသည့် မြန်မာပြည်သူပြည်သားအားလုံးကို တိုက်ရိုက်ပုတ်ခတ်စော်ကားခြင်းလည်းဖြစ်ပါသည်။

၂။ ဂျာမနီသံရုံး ယာယီတာဝန်ခံအနေဖြင့် ဗီဒီယိုရိုက်ကူးသည့် နေရာရွေးချယ်မှုအပါအဝင် ပြုမူပြောဆိုဆောင်ရွက်မှုများသည် အိမ်ရှင်နိုင်ငံနှင့် နိုင်ငံတော်အစိုးရအပေါ် အတိုက်အခံပြုရန်အတွက် အားပေးအားမြှောက်ပြုလုပ်နေသည့် အသွင်တွေ့ရှိရပြီး ပြည်တွင်းရေးမငြိမ်မသက်မှုများဖြစ်စေရန်နှင့် နိုင်ငံတော်အစိုးရအား အကြည်အညိုပျက်စေရန် ရည်ရွယ်ချက်ရှိရှိ အားပေးလှုံ့ဆော်ရာလည်းရောက်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဂျာမနီသံရုံးယာယီတာဝန်ခံ မာသီးရက်စ်လေရှ့စ်၏ အထက်ပါပြုမူဆောင်ရွက်ပြောကြားချက်များနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA

ရေစူးကန့်သတ်ချက်လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

၁။ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၀၂၇ ခုနှစ် မေ ၁၅ ရက်ထိကာလသည် ရေနည်းကာလဖြစ်သောကြောင့် ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များလုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် ရေကြောင်းနယ်မြေအလိုက် ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေနည်းကာလအတွင်း အောက်ပါအတိုင်းကန့်သတ်ထားပါသည်-

စဉ်	မြစ်အမည်	ရေကြောင်းနယ်မြေ		ရေစူးကန့်သတ်ချက်	
		မှ	ထိ	ပေ	လက်မ
၁။	ရောဝတီမြစ်	ဟသ်ာတ	ပြည်	၅	၆
၂။		ပြည်	မန္တလေး	၅	၀
၃။		မန္တလေး	ကသာ	၄	၀
၄။		ကသာ	ဗန်းမော်	၃	၉
၅။		ဆင်ဘို	မြစ်ကြီးနား	၂	၆
၆။	ချင်းတွင်းမြစ်	ချင်းတွင်း၀	မုံရွာ	၃	၀
၇။		မုံရွာ	ကလေး၀	၃	၃
၈။		ကလေး၀	ဟုမ္မလင်း	၃	၀
၉။		ဟုမ္မလင်း	ခန္တီး	၂	၆

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များလိုက်နာကြရန်နှင့် သတ်မှတ်ရေလမ်းများအတိုင်း လိုက်နာခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်သည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ဆိုက်ရောက်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးနိုင်မင်းကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



၁၂-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၁ ~ ၃၆၇၀	၅၅၇.၆ ~ ၅၅၈.၇	၁၂၅.၆ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၄,၉၄၃,၈၃၁.၃၅	၂,၀၃၆,၂၁၉.၂၅	၁၆၁,၁၉၆,၀၇၇.၄၆	

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း
တစ်ပိသာလျှင် ငွေကျပ် ၇၄၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိသာလျှင် ငွေကျပ် ၇၄၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကေဗို ၂၃၀ သာစည်ပင်မဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၁၂

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကေဗို ၂၃၀ သာစည်ပင်မဓာတ်အားခွဲရုံရှိ ဗို့အားမြှင့်ပင်မထရန်စဖော်မာ အမှတ်(၁)ကို ဓာတ်အားပြန်လည်ချိတ်ဆက်ပို့လွှတ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၃ ရက်**(ယနေ့)** နံနက် ၆ နာရီမှ ၈ နာရီထိ အချိန် နှစ်နာရီကြာခန့် ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၊ တောင်သာမြို့၊ နွားထိုးကြီးမြို့၊ ငါနိုးဇွန်မြို့၊ ပုဂံမြို့နှင့် ညောင်ဦးမြို့တို့ရှိ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းခုတ်၊ မိုင်းတွမ်းမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းခုတ်၊ မိုင်းတွမ်းမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များတွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၁ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။





ဖျက်ဆီးလျက်ရှိသည့် တရားမဝင် ငါးထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့ထိ တရားမဝင်အဆောက်အအုံ ၁၁ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့ထိ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ခုနစ်လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ် စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။





အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ၊

⇒ နေ့လယ်နေ့ခင်းအချိန်များ၌ အရိပ်ရ၍ အေးမြသော နေရာများတွင်နားနေပါ၊

⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊

⇒ အစားအစာ မပြင်ဆင်မီ၊

⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊

⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊

⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်

⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်အီးရောဂါများ ၊
- လက်ပတိုစပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။





ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊

⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊

⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊

⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊

⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊

⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

ထိုနေ့က အနုံပျောက်သည်

မစန္ဒာ



ယမန်နေ့မှအဆက်

"အဖေကလဲလေ အဖေသွားလဲ အဖေ့သူငယ်ချင်းအိမ်က ဘယ်ကြိုက်မှာလဲ။ ကူးစက်နှူန်းတွေ ဒီလောက်များနေတာ၊ ဘယ်သူမှ ဧည့်သည်လက်မခံချင်ဘူး အဖေရဲ့၊ ကလေးမဆန်စမ်းပါနဲ့"

"ငါ့ဆီလာရင်တော့ ငါ လက်ခံမှာပဲ"

"လက်မခံပါနဲ့ အဖေရယ်။ ဘယ်သူ့ဘယ်သူမှ ယုံရတာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်အချိန်ဘယ်ချောင်ကြားကနေ ဝင်လာမလဲလို့ စိုးရိမ်နေရတာ၊ အဖေတို့လို အသက်ကလဲကြီး၊ ရောဂါအခံကလဲရှိနဲ့ဆိုရင် ဖြစ်ပြီဟေ့ဆိုတာနဲ့ ရေဝေးပဲ"

ရေဝေးသံကြားတော့ ဦးမောင်မောင်ဌေး အတန်ငယ် တွန့်ဆုတ်သွားသည်။ အိမ်ဝရောက်နေသော ခြေထောက်ကို မသိမသာ ပြန်လှည့်လာသည်။ "ကြိုက်တဲ့နေရာ ကြွလိုက်စမ်းပါ"ဟု ပြောနေသော အမေလည်း ခေတ္တငြိမ်သွားသည်။

"အိမ်ထဲမှာနေလို့ ပျင်းတာ၊ ဦးငွေ့တာကို သမီးနားလည်ပါတယ်။ ဒါပေမဲ့ ပျင်းတာ မသေတတ်ဘူး အမေတို့ အဖေတို့ရဲ့၊ ကိုယ့်အိမ်ထဲမှာ ကိုယ်လုံခြုံနေတာ၊ ပျင်းလို့ဆိုပြီး အကြောင်းရှာ ထွက်မိတာက သေတတ်လို့ပါ။ သမီးသူငယ်ချင်းရဲ့အမေ ဘဏ်မှာ ငွေသွားထုတ်တာ အခုဆေးရုံရောက်သွားပြီ။ ဝါဝါစိုးရဲ့ အဖေကတော့ ဆံသဆိုင်သွားပြီး ဆံပင်ညှပ်တယ်တဲ့။ နှာခေါင်းစည်းလဲ တပ်တယ်။ လက်လဲ ဆေးတယ်၊ သတိလဲထားပါတယ်တဲ့ ...။ ဒါပေမဲ့ ဘယ်ကနေ ဘယ်လိုကူးလဲ မသိဘူး။ အခု သေပြီလေ"

ခင်သက်မော် ပြောရင်းမှ ငိုချလိုက်တော့မလို ဖြစ်လာသည်။ နေ့စဉ်နှင့်အမျှ တဖြုတ်ဖြုတ်ကြွေ၊ တဖြုတ်ဖြုတ်သေနေကြသည်ကို မြင်နေ၊ ကြားနေရတော့ မိဘနှစ်ပါးအတွက် အပူကြီးပူမိသည်ကတော့ အမှန်ပင်။

ဒီတစ်ခါတော့ ခင်သက်မော် တိုက်စစ်ပြောင်းသည်။ အဘိဓမ္မာတွေ၊ ပဌာန်းတွေ အသာမွေထားလိုက်ပြီး ကိုရီးယားဇွေ ယူလာသည်။ အခါတိုင်း တီဗီမှလာသော ဇာတ်လမ်းတွဲတချို့တလေမှအပ ရုပ်ရှင်ကို စွဲစွဲလမ်းလမ်းမကြည့်သော မိဘနှစ်ပါးကို အိမ်တွင် ငြိမ်နေအောင် အနုပညာနှင့် ဖမ်းစားရန် ကြိုးစားသည်။

"ဒီကားလေးက သိပ်ကောင်းတာပဲ အမေရဲ့။ တောင်ကိုရီးယားက သူဌေးသမီးလေးနဲ့ မြောက်ကိုရီးယားက စစ်ဗိုလ်လေးရဲ့ ဇာတ်လမ်းတဲ့။ မြန်မာပရိသတ်ကတော့ အတော်ကြိုက်ကြတယ် ပြောတာပဲ"

ထိုသို့လည်း တွန်းတွန်းပို့ပို့လေးပြောပြီး တီဗီဌေးမှာထိုင်ခိုင်းသည်။ ဘုရား၊ တရား အမြဲလုပ်မနေချင်လည်း ကိုရီးယားကားစွဲနေအောင် လုပ်ရမှာပဲ။ အရေးကြီးတာက အိမ်မှာ ငြိမ်ငြိမ်နေဖို့ပဲ ဟူ၍လည်း စိတ်ထဲမှ တွေးသည်။

ခင်သက်မော်က အဖေနှင့် အမေတို့ကို အဓိက ပစ်မှတ်ထားပြီး တိုက်စစ်ဆင်ခဲ့ခြင်းဖြစ်သော်လည်း မရည်ရွယ်ဘဲ တည့်တည့်မှန်သွားသူကတော့ မထွေးဖြစ်နေလေသည်။ သူ့ခမျာ မြောက်ကိုရီးယားဗိုလ်ကြီးကို အစွဲကြီးစွဲသွားသည့်အတွက် သူ၏ အလုပ်တာဝန်များဖြစ်သော ထမင်းချက်ရန်၊ ရေနွေးအိုးတည်ရန်၊ ပန်းကန်ဆေးရန် စသည်စသည်များကို ပစ်ထားပြီး တီဗီရှေ့ ပြေး၍ပြေး၍ ထိုင်နေတတ်လေသည်။ ထို့ကြောင့် အဖေနှင့်အမေက ပက်လက်ကုလားထိုင်တစ်လုံးစီပေါ်တွင် အိပ်ငိုက်နေချိန်တွင် မထွေးက သူ့ဗိုလ်ကြီးကို မျက်တောင်မခတ် အားပေးနေပြီး ခင်သက်မော်က ထမင်းအိုးတည်နေရလေသည်။

ဗိုလ်ကြီးကားသာမက နောက်ထပ်နှစ်ကားလောက် အိပ်ငိုက်ပြီးကြသောအခါ အဖေနှင့် အမေက ဦးငွေ့သွားကြသည်။ သူတို့ နှစ်ဦးစလုံးက ကိုရီးယားကားကို အချင်းချင်းစကားနိုင်လုနေရသည်လောက် မကြိုက်ကြမှန်း ခင်သက်မော် သိသွားရသည်။

"ငါ့ဆံပင်တွေ ရှည်လှပြီ"

သူ၏ ဖခင် ဦးမောင်မောင်ဌေးဆီမှ စကားသံ ထွက်လာသည်။ ခင်သက်မော်ကလည်း လိုရင်း၊ တိုရှင်း ပြန်ပြောပစ်လိုက်သည်။

"ဆံပင်ညှပ်ဆိုင်တော့ မသွားပါနဲ့အဖေ၊ ဆံပင်ရှည်တာ မသေတတ်ပါဘူး"

"သေမှသာ သေရော၊ ငါကတော့ မနေတတ်တော့ဘူး"

"အမေလဲ ဈေးကလေး ခဏလောက်တော့ သွားချင်သားပဲ"

သူ၏မိခင် ဒေါ်မေချောကတစ်မျိုး အရေးဆိုသည်။ ခင်သက်မော်ကလည်း လိုရင်း၊ တိုရှင်း ပြောဖြစ်ပြန်သည်။

"ဈေးမသွားရလို့ သေမသွားဘူးအမေ...၊ သွားရင်သာ ရေဝေးနဲ့နီးတာ"

ခင်သက်မော်က ထုံးစံအတိုင်း ရေဝေးနှင့် ကိုင်ပေါက်သည်။ "အမေရယ်၊ အဖေရယ်"နှင့် ကလေးလေးတွေကို ချော့သလိုလည်း ချော့မနေချင်တော့ပေ၊ အိမ်ထဲမှာနေရတာ ကြာတော့ သူတို့နှစ်ဦးကလည်း ရေဝေးကို သိပ်ပြီး ကြောက်ဟန်မရှိတော့။

ဈေးထဲက သားငါးသည်တွေဆီ တယ်လီဖုန်း ဆက်ပြီး မှာလိုက်လျှင် လိုချင်သမျှ အိမ်ရောက် လာတတ်သည်မို့ ခင်သက်မော်က ကျေနပ်သော်လည်း အမေက မကျေနပ်၊ ကိုယ့်မျက်စိနှင့် ကိုယ် စိတ်ကြိုက်ကြည့်ပြီး ဝယ်ရသလို အသားကောင်းကောင်း၊ ငါးကောင်းကောင်း မရသည်ကတော့ အမှန်ပင်။

"ဈေးကလေး တစ်ခါလောက်သွားတာများ အကဲပိုမနေစမ်းပါနဲ့ သမီးရယ်"ဟု အမေကပြောကာ၊ အဖေကလည်း "တစ်ခါတလေလောက်နဲ့တော့ ဘာမှ မဖြစ်နိုင်ပါဘူးကွာ"ဟု မြွောက်ပေးသည်။

နောက်တစ်နေ့ သူအိပ်ရာမှ နိုးလာတော့ အမေရော အဖေပါ အိမ်မှာ မရှိကြချေ။ သူက ထိတ်ထိတ်ပျာပျာဖြစ်သွားတော့ မထွေးက "ဈေးသွားဆုံးမယ်ဆိုပြီး နှစ်ယောက်သား ထွက်သွားကြတာပဲ အစ်မရဲ့"ဟု ပြောသည်။

ခင်သက်မော်ခမျာ ဈေးပဲ ပြေးလိုက်ရတော့ မလိုလို အိမ်ထဲကပဲ ထိုင်စောင့်ရတော့မလိုလို နေမထိထိုင်မသာဖြစ်နေစဉ် ကျေးဇူးရှင် မိဘနှစ်ပါးက တပြုံးပြုံးနှင့် ပြန်လာကြသည်။ နှာခေါင်းစည်းလည်း တပ်၊ လက်အိတ်လည်းဝတ်ပြီး ခေါင်းစွပ်ကိုပင် စွပ်ထားကြသေးသည်။ တစ်ဦးက ဈေးခြင်းဆွဲပြီး နောက်တစ်ဦးက ဘုရားပန်းစည်း ပိုက်ကာ အတော်လည်း ကျေနပ်လာကြပုံရလေသည်။

"သမီးကသာ ကြောက်နေတာ ဈေးထဲမှာ ဝယ်ခြမ်းနေလိုက်ကြတဲ့သူတွေမှ မနည်း မနောပါကွယ်"

"လက်ဖက်ရည်ဆိုင်မှာလဲ အုန်းအုန်းကိုထလို့၊ ပါဆယ်ပဲ ရမယ်လို့သာရေးထားတာ ထိုင်စားတွေလည်း ရှိနေတာပဲ။ အဖေတို့ကတော့ ပါဆယ်ပဲ ဆွဲလာခဲ့တယ် မန္တလေးမုန့်တီလေးပွဲ"

အဖေရော အမေပါ လက်ထဲမှပစ္စည်းများချပြီး လက်အတူတူ ဆေးကြသည်။ ဝတ်သွားသော အင်္ကျီများကိုလဲပြီး ဆပ်ပြာစိမ်ကြသည်။

"မထွေးရေ မုန့်တီလေး ပြင်ကွယ်။ နင်လည်း တစ်ပွဲစား၊ သမီးရေ... လာလေ စားကြရအောင်၊ အာလူးပူရီလဲ ကောင်းတာပဲ။ နောက်နေ့မှ ဝယ်ခဲ့အုံးမယ်"

အမေရော အဖေပါ နှစ်ဦးစလုံး ချိုရွှင်သွက်လက်နေကြသည်။ ခင်သက်မော်ကသာ ဘုရား၊ ဘုရား နောက်နေ့ကျရင် အာလူးပူရီသွားပြီး ဝယ်ကြဦးမလို့ ထင်တယ်ဟု တွေးရင်း ဘုရား တမိသည်။

"နင်ကတော့ အေးလို့ပေါ့လေ၊ ငါ့မှာသာ နင့်အဖေနဲ့အမေကို မနိုင်တော့ဘူး ငမောင်ရဲ့"

သူတိုင်တည်စရာကလည်း မောင်လေးတစ်ယောက်သာ ရှိသည်မို့ ခင်သက်မော်က တယ်လီဖုန်းဆက်ပြီး အတင်းပြောဖြစ်ပြန်သည်။

"သူတို့လည်း အိမ်ထဲမှာ ငြီးငွေ့လှရောပေါ့ မမရာ၊ တစ်ခါတလေတော့ သွားကြပါစေလား။ နှာခေါင်းစည်း တပ်တယ်မဟုတ်လား"

"တပ်ပါတော်၊ နှာခေါင်းစည်းရော၊ လက်အိတ်ရော၊ ခေါင်းစွပ်ပါ စွပ်သွားလိုက်ကြသေး။ ဒါပေမဲ့ ဈေးထဲမှာ နှာခေါင်းစည်းမတပ်တဲ့လူတွေ အများကြီး၊ တပ်ပြန်တော့လည်း မေးစေ့မှာချိတ်ထားတဲ့ သူက တစ်ဝက်လောက်ရှိတယ်။ နင်လဲ မြင်နေတာပဲမဟုတ်လား။ ရောဂါမကူးဖို့ဆိုတာ ကိုယ့်ဘက်က နှာခေါင်းစည်းတပ်ရုံနဲ့မှ မပြီးတာ။ သူ့ဘက်ကလဲ တပ်ထားပါမှ မဟုတ်ဘူးလား။ ဒါတောင် ရာနှုန်းပြည့် စိတ်ချရတာမဟုတ်သေးဘူး။ ငါလဲ ပြောရတာ အာပေါက်တော့မယ်"

"သိပ်တော့ မပြောပါနဲ့ အစ်မရာ။ အမေတို့ စိတ်ညစ်မှာပေါ့။ နောက်ထပ်လဲ သွားမှာ မဟုတ်ပါဘူး"

ဒီတစ်ခါတော့ ခင်သက်မော် စိတ်တွေတိုကာ အသံတွေပင် မာလာသည်။

"ဟဲ့...ငမောင်၊ နင်က အဝေးကနေ သနားတတ်နေတာလား။ တစ်ခါတလေသွားတာကို ပြောနေတာမဟုတ်ဘူးဟဲ့။ ခဏခဏသွားကြတော့မှာကို ပြောနေတာ။ အခုပဲ နောက်တစ်ခါ အာလူးပူရီ ဝယ်မယ်တဲ့"

"ဟာဗျာ။ အဲဒီလိုတော့ ဘယ်ဖြစ်မလဲ၊ မလို အပ်ဘဲ ခဏခဏထွက်နေရင် တစ်ခါမဟုတ်တစ်ခါ ပိုးနဲ့ တွေ့တော့မှာပေါ့"

"အဲဒါပြောနေတာပေါ့ဟဲ့... ပိုးနဲ့တွေ့တာနဲ့ သူတို့အရွယ် သူတို့ရောဂါကြီးတွေနဲ့ ပြန်လမ်းမရှိဖြစ်သွားမှာ"

မောင်မောင်လည်း ငြိမ်သွားသည်။

"အေး... အဲဒါ နင်လဲ ကူပြီးစဉ်းစားအုံး၊ ငါတော့ ငိုချင်နေပြီ"

ခင်သက်မော်က တယ်လီဖုန်းကို မောင်မောင့်ထက် အလျင်ချပစ်လိုက်ပြီး အမှန်တကယ် ငိုမိသည်။ ဒီအဖေနှင့် ဒီအမေကို သူဘယ်လို ထိန်းရမည်နည်း စဉ်းစား၍ပင် မနေချင်တော့ပေ။

ဆက်လက်ဖော်ပြပါမည်။

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၂ ဒသမ ၉ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့



ဂျကာတာ နိုဝင်ဘာ ၁၂

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုမကြာခဏဖြစ်ပေါ်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၂ ဒသမ ၉ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း အင်ဒိုနီးရှား သစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ပျက်စီးခဲ့သည့် သစ်တောမြေဟက်တာမှာ လန်ဒန်မြို့ထက် ၁၈ ဆကျော် ကျယ်ဝန်းနေပြီး သက်တမ်းတစ်လျှောက် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧရိယာ အများဆုံးပျက်စီးခဲ့သော နှစ်တစ်နှစ်ဖြစ်ကြောင်း၊ ထို့ပြင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများထိပါ မီးခိုးငွေ့များပျံ့နှံ့ရောက်ရှိခဲ့ကြောင်း သစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဒီနှစ်အတွင်း ရာသီဥတုလွန်ကဲမှုကြောင့် တောမီးလောင်ကျွမ်းမှုတွေ မကြာခဏဖြစ်ပေါ်ခဲ့ပါတယ်။ သက်တမ်းတစ်လျှောက် တောမီးလောင်ကျွမ်းမှုအကြိမ်ရေ အများဆုံးဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၂ ဒသမ ၉ သန်း လောက်ထိ ပျက်စီးဆုံးရှုံးခဲ့ရတယ်။ Nusantara Atlas အဖွဲ့က ဂြိုဟ်တုစနစ်နဲ့ ကင်းထောက်ပြီး စစ်တမ်းကောက်ယူခဲ့တာ ဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးငွေ့တွေ နိုင်ငံတစ်ဝန်းပျံ့နှံ့ခဲ့တယ်။ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ လေထုညစ်ညမ်းမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ရတယ်"ဟု သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

စပိန်နိုင်ငံတွင် အယ်လ်ဟော်ကာဟိုရေကာတာ ကျိုးပေါက်နိုင်သဖြင့် ဒေသခံ ၃၀၀၀ ကျော် ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခဲ့ရ

မက်ဒရစ် နိုဝင်ဘာ ၁၂

စပိန်နိုင်ငံအလယ်ပိုင်း အဗီလာပြည်နယ် ပီဒရာလာဗက်စ်ဒေသရှိ အယ်လ်ဟော်ကာဟိုရေကာတာ ကျိုးပေါက်နိုင်သဖြင့် နိုဝင်ဘာ ၁၁ ရက်တွင် အာဏာပိုင်များက ဒေသခံ ၃၀၀၀ ကို ဘေးလွတ်ရာသို့ကြိုတင် ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့ သတင်းများအရ သိရသည်။

စပိန်မိုးလေဝသဌာန ရာသီဥတုခန့်မှန်းရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းလာနိုင်သည်ဟု ခန့်မှန်းထားသဖြင့် အဆိုပါရေကာတာအနီးရှိ နေအိမ်များနှင့်လူနေအဆောက်အအုံ များအတွက် အန္တရာယ်ရှိနိုင်သဖြင့် ဒေသ အာဏာပိုင်များက နိုဝင်ဘာ ၁၁ ရက် ကစပြီး ရေကာတာအနီးရှိ ဒေသခံ ၃၀၀၀ ကျော်ကို ဘေးလွတ်ရာ ကြိုတင်ရွှေ့ပြောင်းပေးနေကြောင်း၊ ယနေ့တွင်လည်း ဘေးလွတ်ရာရွှေ့ပြောင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ရေကာတာအခြေအနေကို ဆက်လက် စောင့်ကြည့်နေကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံအနောက်တောင်ပိုင်းဒေသများ၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ပင်လယ်လှိုင်းကြီးခြင်းတို့ ဖြစ်ပေါ်နေသဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ပေါ်တူဂီနိုင်ငံတွင် ချားလ်စ်မုန်တိုင်းတိုက်ခတ်နေသဖြင့် ရေကြီးရေလျှံမှုနှင့် လျှပ်စစ်မှာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်နေ

လစ္စဘွန်း နိုဝင်ဘာ ၁၂

ပေါ်တူဂီနိုင်ငံတွင် နိုဝင်ဘာ ၁၀ ရက်က စတင်ဝင်ရောက်တိုက်ခတ်ခဲ့သော ချားလ်စ်မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် လျှပ်စစ်မှာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် မြို့တော်လစ္စဘွန်း၌ ရေကြီးရေလျှံနေသဖြင့် နိုဝင်ဘာ ၁၁ ရက်ကစတင်၍ ရေမြုပ်နေသောလမ်းများကို ယာယီပိတ်ထားခဲ့ရကြောင်း၊ ထို့ပြင် လျှပ်စစ်မှာတ်အားဖြန့်ဖြူးရေးဌာန၏ထုတ်ပြန်ချက်အရ ယနေ့ထိ နိုင်ငံတောင်ပိုင်း ဒေသများတွင် ပြည်သူ ၂၀၀၀ ခန့် လျှပ်စစ်မှာတ်အားပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

မုန်တိုင်းအန္တရာယ်ကြောင့် ပေါ်တူဂီအစိုးရသည် နိုဝင်ဘာ ၁၁ ရက်ကစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မုန်တိုင်းသတိပေးချက်



ထုတ်ပြန်ခဲ့ပြီး ကျောင်းများနှင့် အစိုးရဝန်ဆောင်မှုလုပ်ငန်းတချို့ကို ပိတ်ထားခဲ့ကြောင်း၊ မုန်တိုင်း ဒဏ်ကို အများဆုံးခံစားခဲ့ရသည့် ဒေသများမှာ ဂရိတ်တာလစ္စဘွန်း ဒေသ၊ ဆီတူဘယ်ကျွန်းဆွယ်နှင့် အယ်လ်ဂါဗီဒေသတို့ဖြစ်ကြောင်း သိရသည်။

မုန်တိုင်းသည် ပေါ်တူဂီနိုင်ငံ သို့မဝင်ရောက်မီ အတ္တလန္တိတ် သမုဒ္ဒရာအတွင်း နှစ်ပိုင်းကွဲသွားသဖြင့် မူလခန့်မှန်းထားသည်ထက် အားလျော့သွားခဲ့သော်လည်း တောင်ပိုင်း အယ်လ်ဂါဗီဒေသမှ တစ်ဆင့် ဝင်ရောက်လာစဉ် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်စေခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်စဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ထိရှိပြီး မိုးရေချိန်မှာ မီလီမီတာ ၁၀၀ ကျော်ထိရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ဗီယက်နမ်နိုင်ငံ ဒါနန်းတောင်တန်းဒေသ၌ မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့်မြေပြိုမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်း

ဟန္နွိုင်း နိုဝင်ဘာ ၁၂

ဗီယက်နမ်နိုင်ငံ ဒါနန်းတောင်တန်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေကြောင်း ဗီယက်နမ်အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည့်အတွက် အရေးပေါ်အခြေအနေ သတ်မှတ်ထားပြီး ကယ်ဆယ်ရေးဝန်ထမ်းအင်အား အမြောက်အမြား စေလွှတ်ပေးထားကြောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် အဓိကလမ်းမကြီးတချို့ကို ယာယီပိတ်ထားရပြီး နေအိမ်တချို့နှင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း၊ ရေဘေးဖြင့် အဓိကရင်ဆိုင်နေရသည့်ဒေသများမှာ ထရာမိုင်ဒေသ၊ ထရာလန်ဒေသနှင့် ထရာဂိုင်ဒေသတို့ဖြစ်ကြောင်း သိရသည်။

"ဒါနန်းတောင်တန်းဒေသတွေမှာ မိုးသည်းထန်စွာရွာသွန်းပြီးတော့ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေဖြစ်ပေါ်နေပါတယ်။ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်။ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချထားပေးပြီးတော့ လိုအပ်တဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်ပေးနေပါတယ်။ မြေပြိုကျမှုကြောင့် အမှတ် (၄၀) ဘီ ပြည်ထောင်စုလမ်းမကြီးနဲ့ အမှတ် (၂၄) စီ ပြည်ထောင်စုလမ်းမကြီးတို့ကို ယာယီပိတ်ထားပါတယ်။ လက်ရှိအချိန်ထိတော့ အိမ်ထောင်စုပေါင်း ၉၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူနဲ့ သေဆုံးသူတွေတော့မရှိသေးပါဘူး"ဟု ဗီယက်နမ်အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

သဲကန္တာရဖြစ်ထွန်းမှုလျော့ချရေးစီမံချက်များကို အရှိန်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံက ထုတ်ပြန်

တက်ရှ်ကန့် နိုဝင်ဘာ ၁၂

ဥဇဘက်ကစ္စတန်နိုင်ငံတွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် သဲကန္တာရဖြစ်ထွန်းမှုနှုန်း မြင့်တက်လာခဲ့ပြီး လယ်ယာမြေများ ပျက်စီးမှုများလာသည့်အတွက် သဲကန္တာရဖြစ်ထွန်းမှု လျော့ချရေးစီမံချက်များကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတရုံးမှ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ ရုက်ဖ်ကက်သည် တူကီယဲနိုင်ငံတွင် ကျင်းပနေသည့် COP31 ညီလာခံသို့တက်ရောက်နေပြီး ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂ သဲကန္တာရဖြစ်ပေါ်ခြင်းတိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်း (UNCCD) ၏ အမှုဆောင်အတွင်းရေးမှူး ယက်စ်မိုင်းနှင့်တွေ့ဆုံကာ သဲကန္တာရဖြစ်ထွန်းမှု လျော့ချရေးကဏ္ဍကို ဆွေးနွေးခဲ့ကြောင်း၊ UNCCD အနေဖြင့်လည်း ဥဇဘက်ကစ္စတန်နိုင်ငံမှ ဆောင်ရွက်သွားမည့်စီမံချက်များတွင် ပါဝင်ကူညီပေးမည်ဖြစ်ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ ရုက်ဖ်ကက်က ပြောကြားခဲ့သည်။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက သဲကန္တာရဖြစ်ထွန်းမှု လျော့ချရေးကို ဆောင်ရွက်လာခဲ့တာဖြစ်ပါတယ်။ အခုစီမံချက်ပေါင်း ၁၅ ခု ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထပ်ပြီးတော့ သဲကန္တာရဖြစ်ထွန်းမှုလျော့ချဖို့ကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ ရာသီဥတုဖောက်ပြန်မှုကို တိုက်ဖျက်နိုင်ဖို့လိုပါတယ်" ဟု ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ ရုက်ဖ်ကက်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat



(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဗျာသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

AMM အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုင်ပေါင်းငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ကျန်းမာရေးအာမခံ
၁၁။ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ပညာရေးအသက်အာမခံ
၁၄။ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ပရီမီယံတစ်ကြိမ်ပေး နှစ်တိုင်ချေးငွေအသက်အာမခံ
၁၈။ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပေါင်ငွေရင်း အသက်အာမခံ

We Protect The Family

မိသားစုဘဝ လုံခြုံစိတ်ချဖို့ ကျန်းမာရေးအာမခံ ထားကြစို့!



- နေပြည်တော် - အမှတ်(၃) ကျိုင်းတုံလမ်းနှင့် ပဲခူးလမ်းထောင့်၊ ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၂၊ ၀၉ - ၄၄၉၁၈၈၈၆၃
- အမှတ်(၁၄၀)၊ ဧရာတိုဝဲဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁ - ၈၃၇၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၉၆၅
- ၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အိမ်အမှတ်(၁၂၇)၊ 65C လမ်း၊ ၁၁၉-၁၂၀ လမ်းကြားနေ မောင်ရှောက်ဆော် (ခ) ရှောက်စော (ဘ) ဦးချာလောက်ဆီ(၁၃/လရန(နိုင်)၀၆၉၃၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-681182934

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အိမ်အမှတ်(၁၂၇)၊ 65C လမ်း၊ ၁၁၉-၁၂၀ လမ်းကြားနေ မအေးဝါ (ဘ) ဦးမိုင်ဆွမ်း(၁၃/လရန(နိုင်) ၀၂၄၃၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-681182934

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ တောတွင်-အခြေခံပညာအလယ်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မခင်မိမိထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးထွန်း** ဖြစ်ပါကြောင်း။ **ဦးထွန်း(၉/မတရ(နိုင်)၂၀၃၅၂၇)**

မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကံပြင်ကျေးရွာအုပ်စု၊ ရုံးပင်ကျေးရွာနေ ဦးညိမ်းဇော်နှင့် ဒေါ်ဗေဒါတို့၏သားဖြစ်သူ မောင်ကောင်းသန့်အောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/ပသက(နိုင်)၁၇၆၇၀၂ ကိုင်ဆောင်သူ ကျွန်တော်၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဖော်ပြထားသည့် (၁၀-၈-၂၀၀၂) မွေးသက္ကရာဇ်ရက်စွဲဖြစ်ကြောင်းကို (၃၀-၁၀-၂၀၂၆)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်တရားရုံး၌ ကျမ်းကျိန်ဆိုခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

၁၀-၈-၂၀၀၂

မောင်ကောင်းသန့်အောင်(၉/ပသက(နိုင်)၁၇၆၇၀၂)

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် ရွှေချလုပ်ငန်း အိတ်ပိတ်(ချိတ်ပိတ်)တင်ဒါ ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် ၂ လက်မ ပတ်လည် ရွှေသင်္ကန်းကပ်လှူခြင်းလက်ခလုပ်ငန်း (သစ်စေးအပါအဝင်) ရွှေချလုပ်ငန်းဆောင်ရွက်ရန် အိတ်ပိတ်(ချိတ်ပိတ်)တင်ဒါစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ (၁၄-၁၁-၂၀၂၆)ရက်နေ့မှ (၂၀-၁၁-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ရုံးသို့ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ၀၉-၂၅၉၄၀၉၃၄၄၉၊ ၀၉-၆၉၃၈၃၁၁၆၆၊ ၀၉-၂၀၄၅၃၃၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့

ပျောက်ဆုံးကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ဟန်းတဲကျေးရွာနေ စိုင်းမျိုးထက်ပိုင် (ဘ) ဦးတောက်လင်း(၁/ဗမန(နိုင်)၁၀၈၁၁၁)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-254854123

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၁၉၅)၊ သီရိမာလာအရှေ့နေ ဦးဇော်မျိုးထွန်း (ဘ) ဦးစံလှ(၉/အမဇ(နိုင်)၀၃၀၇၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-444345234

အဗိုးတန်ရေချိုကို ချွေတာပါ

သစ်တောမှန်လျှင် အသုံးဝင်အစဉ်ထာဝရ ထိန်းသိမ်းကြ

ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြိုပြချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း-NSPAW (၂၀၂၃–၂၀၃၂) ဦးဆောင်ကော်မတီအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၂

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women – NSPAW) (၂၀၂၃–၂၀၃၂) ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Hotel Max ရှိ ကုမုဒြာခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန စာမျက်နှာ ၁၈ ကော်လံ ၁ ☆



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း(National Strategic Plan for the Advancement of Women – NSPAW) (၂၀၂၃–၂၀၃၂) ဦးဆောင်ကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆို



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာမျက်နှာ ၂၂ ကော်လံ ၄ ◆

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

အားကစားရေးရာ ဝန်ကြီးဌာနကကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စာမျက်နှာ ၂၂ ကော်လံ ၁ ●



နယ်စပ်ဒေသတွင်အခြေပြု၍ တရုတ်နိုင်ငံသားများကို ပစ်မှတ်ထားလိမ်လည်နေသော Online Scam Center များ ဆက်လက်ရှင်းသန့်ခွင့်မရစေရေး ပြည်သူနှင့် ပူးပေါင်းနှိမ်နင်း



လိမ်လည်သူများအသုံးပြုမည့် ရရှိသည့် အကျိုးအမြတ်ဖြင့် ပြည်သူလူထုကို ထောက်ပံ့ကူညီလျက်ရှိကြောင်း ရိုက်ကူးထားသည့် ဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၁၂

အွန်လိုင်းလိမ်လည် လောင်းကစားမှုသည် သာမန်ငွေကြေးလိမ်လည်မှု တစ်ခုသာမဟုတ်ဘဲ နည်းပညာ၊ သတင်းအချက်အလက်၊ စီးပွားရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့နှင့်ပါ ဆက်စပ်နေသည့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ် ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူကာ ဒေသတွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်း၍ ထိရောက်ပြတ်သားစွာနှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ထိရောက်ပြတ်သားစွာဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်၍ဖြစ်စေ၊ တရားမဝင် နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ ဝင်ရောက်လာကြပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်လုပ်ကိုင်နေကြသည့် ပြည်ပ နိုင်ငံခြားသားအများအပြားကို စာမျက်နှာ ၂၃ ကော်လံ ၁ ■